# ကြေးမုံ

# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)


၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့။ Monday, 12 May 2025 ၁၁၈၁၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ ကောင်စီဝင်များနှင့်ဇနီးများ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်

နေပြည်တော် မေ ၁၁

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ၁၂ လရာသီပွဲတော်တွင် တစ်ခုအပါအဝင်ဖြစ်သည့် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့ဖြစ်သော ယနေ့တွင်ကျရောက်သည့် ကဆုန်ညောင်ရေသွန်းပွဲတော်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ ညနေပိုင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့က မဟာဗောဓိညောင်ပင်တော်ကို ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰


ယနေ့ ဖတ်စရာ

ငွေသောင်ယံဒီရေတောကြိုးပြင် ကာကွယ်တော သတ်မှတ် စာမျက်နှာ » ၇

နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင် စာမျက်နှာ » ၁၂

လျှပ်ဒဏ်ကြောင့် ငါးလုပ်ငန်းမွေးမြူရေးနှင့် ထုတ်လုပ်ရေး အပေါ် အကျိုးသက်ရောက်မှု ဆောင်းပါး စာမျက်နှာ » ၁၄

ကြေးမုံ

# မြန်မာအဆင့်မြင့်ချစ်ကြည်ရေးခရီး အပြုသဘောဆောင် ရလဒ်ဖော်ဆောင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင်၏ဖိတ်ကြားချက်အရ ရုရှားနိုင်ငံသို့ မေလ ၇ ရက်နေ့မှစ၍ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား၊ ဆက်စပ်အခမ်းအနားနှင့် အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံ့ခေါင်းဆောင်အချို့နှင့် တွေ့ဆုံခဲ့သည်။

မေလ ၉ ရက်နေ့ ဒေသစံတော်ချိန် ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား အပြုသဘောဆောင်သည့် ဆွေးနွေးမှုရလဒ်များကို ဖော်ဆောင်နိုင်ခဲ့သည်။ တွေ့ဆုံဆွေးနွေးပွဲတွင် သမ္မတ မစ္စတာရှီကျင့်ဖျင်က "မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူတို့နှင့် အတူတကွလက်တွဲ၍ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်ဆုံးဆက်လက်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တရုတ်-မြန်မာဆက်ဆံရေးသည် ယခုနှစ်တွင် ၇၅ နှစ်ရောက်ရှိပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ အချုပ်အခြာအာဏာနှင့် မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးတို့ကို အမြဲထောက်ခံအားပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများတွင် ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း"ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ အရေးကိစ္စများနှင့်ပတ်သက်၍ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်ကုန်ပိုင်းတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရွေးကောက်ပွဲကျင်းပချိန်တွင် နိုင်ငံတကာမှ လေ့လာရေးအဖွဲ့များကိုလည်း ဖိတ်နိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့်အတူ အေးအတူပူအမျှ အနာဂတ်မျှဝေသော အသိုက်အဝန်းတစ်ခုကို တည်ဆောက်သွားရန်နှင့် အိမ်နီးချင်းနိုင်ငံဆိုင်ရာလုပ်ငန်းများအတွက် အခြေခံအသစ်များ ဖော်ဆောင်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် မြန်မာနိုင်ငံအနေဖြင့် အားပေးထောက်ခံပါကြောင်း" ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် မန္တလေးငလျင်လှုပ်ခတ်မှုအပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အရေးအကြီးဆုံးအချိန်ဖြစ်သည့် Golden Hour တွင် တရုတ်နိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ငလျင်လှုပ်ခတ်ပြီး ၁၈ နာရီအကြာ၌ မြန်မာနိုင်ငံသို့ ပထမဆုံးရောက်လာခဲ့ပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။ တရုတ်နိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံအတွက် အရေးပေါ်လူသားချင်း စာနာထောက်ထားမှု အကူအညီများကိုလည်း ပေးအပ်ခဲ့သည်။ တရုတ်နိုင်ငံသည် နိုင်ငံတကာဆက်ဆံရေးတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ အစဉ်ရပ်တည်ပေးလျက်ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်ကျင်းပမည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍လည်း အားပေးထောက်ခံလျက်ရှိသည်။

မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံသည် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးသည့် မဟာဗျူဟာမိတ်ဖက်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံနှင့်ပတ်သက်၍ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နယ်မြေပိုင်ဆိုင်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို အစဉ်အဆက်ကူညီဆောင်ရွက်ပေးသောနိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံက အကောင်အထည်ဖော်လျက်ရှိသည့် One Belt One Road လမ်းကြောင်းပေါ်တွင် မြန်မာနိုင်ငံက ခိုင်ခိုင်မာမာရပ်တည်လျက်ရှိပြီး တက်ကြွစွာပါဝင်ဆောင်ရွက်သွားမည်ဟု အသိပေးထားသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတနှင့်တွေ့ဆုံရာတွင် တရုတ်-မြန်မာ-ဘင်္ဂလားဒေ့ရှ်စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ရေးနှင့်ပတ်သက်ပြီး ဆွေးနွေးပြောကြားခဲ့သည်။ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံခရီးစဉ်အတွင်း နိုင်ငံ့ခေါင်းဆောင်အချို့နှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကို များစွာအထောက်အကူပြုခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတတို့ တွေ့ဆုံဆွေးနွေးခဲ့ရာတွင် နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ရေး၊ ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုနှင့် အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေး၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ အပြုသဘောဆောင် အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့ရာ နှစ်နိုင်ငံအကြား နီးကပ်စွာဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် ရလဒ်များပေါ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း။ ။

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၁

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် မေ ၁၁ ရက်အထိ သေဆုံးသူ ၃၇၂၂ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၈၆ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၉၈ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၁၀ ရက် ညနေ ၅ နာရီမှ မေ ၁၁ ရက် ညနေ ၅ နာရီအတွင်း World Vision International Myanmar မှတစ်ဆင့် WFP-UNHCR က လှူဒါန်းသည့် တာပေါ်လင်စနှင့် ရေပုံးပါဝင်သည့် ကယ်ဆယ်ရေးပစ္စည်း ၇၇ ထုပ် (အလေးချိန် ၃၁ ဒသမ ၈၁၄ တန်)နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှတစ်ဆင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း(IFRC)က လှူဒါန်းသည့် တာပေါ်လင်စနှင့်ရေပုံး ပါဝင်သည့် ကယ်ဆယ်ရေးပစ္စည်း ၁၇ ထုပ် (အလေးချိန် ၁၀ ဒသမ ၀၈၆ တန်) တို့ ရောက်ရှိခဲ့ပြီး အဆိုပါထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အာဖရိကဝက် အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ) ကူးစက်ခြင်း မရှိပါ။ မိမိတို့မွေးမြူထားသော ဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊
(၂) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမည်ဆိုပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊
(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊
(၅) အသက်အရွယ်တူ ဝက်များကိုသာ အတူတူမွေးမြူရန်၊
(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(၈) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(၉) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊
(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ၁၁ - ၅ -၂၀၂၅ ရက်နေ့ ခတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၇၁၀၀၀၀ ဖြစ်သည်။

ခတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - | ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| | | | **စာပြင်** | - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၃၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ဆီမီး ကပ်လှူပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် မာရဝိဇယ ဗုဒ္ဓဥယျာဉ် ပရိဝုဏ်တော်အတွင်းရှိမဟာဗောဓိညောင်ပင်တော်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။

☆ **ရွှေဖုံးမှ**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ကျင်းပရာ "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး အခမ်းအနားမှူးက မဟာဗောဓိရုက္ခသိဋ္ဌနပူဇာဂါထာတော်ကို ရွတ်ဖတ်ပူဇော်၍ သာဓုသုံးကြိမ် ခေါ်ဆိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများသည် သတ်မှတ်ထားသည့် နေရာများအလိုက် နေရာယူကြပြီး မဟာဗောဓိညောင်ပင်တော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကာ ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။ ဆက်လက်၍ မဟာဗောဓိညောင်ပင်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရေသပ္ပာယ်တော်မူကြပြီး မဟာဗောဓိညောင်ပင်တော်အား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ယင်းနောက် ဝတ်အသင်းအဖွဲ့များအလိုက် ယောဂီများက မဟာဗောဓိညောင်ပင်တော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ပြီး ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။ အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းအား ဖတ်ကြား၍ ကုသိုလ်အမျှပေးဝေကြကာ "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ ဇေယျာသီရိမြို့နယ် လောကချမ်းသာဆုတောင်းပြည့် အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်များကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အမှူးပြု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ အရာခံ၊ အကြပ် စစ်သည်မိသားစုများက ကဆုန်ညောင်ရေ သွန်းလောင်း ပူဇော်ခဲ့ကြသည်။

အဆိုပါ ကဆုန်လပြည့်နေ့သည် ဒီပင်္ကရာ မြတ်စွာဘုရားက ဂေါတမဘုရား အလောင်းတော် သုမေဓာရှင်ရသေ့အား **"ဘဒ္ဒကမ္ဘာတွင် ဘုရားအဖြစ်ကိုရလိမ့်မည်"** ဟုဗျာဒိတ်တော်စကား မိန့်ကြားတော်မူသောနေ့၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်သောနေ့၊ သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံတော်မူသောနေ့ ယင်းနေ့များသည် ကဆုန်လပြည့်နေ့များတွင်ပင်ဖြစ်သဖြင့် **"ဗျာဒိတ် ဖွားမြင် ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း"** ဟု မှတ်တမ်းပြုကြပြီး **ကဆုန်လပြည့် ဗုဒ္ဓနေ့**ဟူ၍ ဗုဒ္ဓဘာသာဝင်များက နေ့ထူးနေ့မြတ်အဖြစ် အထွတ်အမြတ်ထားကာ ကျင်းပပူဇော်လေ့ရှိကြောင်း၊ ကဆုန်လပြည့်နေ့၏ ထူးခြားချက်မှာ ဂေါတမမြတ်စွာ ဘုရားသာလျှင်မကဘဲ သဗ္ဗညုမြတ်စွာဘုရားရှင်တို့၏ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်ပြုသောနေ့များမှာလည်း ကဆုန်လပြည့်နေ့ပင် ဖြစ်၍ ကဆုန်လပြည့်နေ့ကို **"ဗုဒ္ဓနေ့"**ဟု သတ်မှတ်ခြင်း ဖြစ်ကြောင်း၊ ကဆုန် ညောင်ရေသွန်းပွဲတော်သည် ကုသိုလ်ယူဖွယ်ရာ၊ ဝမ်းသာကြည်နူးဖွယ်ရာ ဘာသာရေးဆိုင်ရာပွဲတော်တစ်ခု ဖြစ်သည့်အပြင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်အဖြစ် ကျင်းပပြုလုပ်သည့် ပွဲတော်ဖြစ်ကြောင်းနှင့် ကဆုန်လပြည့်နေ့မတိုင်မီ တစ်ရက်အလိုတွင် ညောင်ရေသွန်းလောင်းကြမည့် ညောင်ပင်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခြင်း၊ မဟာဗောဓိပင် ပလ္လင်တော်အား ကြည်ညိုစဖွယ်ဖြစ်အောင် ပြင်ဆင်ခြင်း စသည့်ကုသိုလ်ယူဖွယ်ရာများကို ပြုလုပ်လေ့ရှိကြကြောင်း သိရသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် အမှူးပြုသော ဧည့်ပရိသတ်များ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာ ဘိဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် ၁၃၈၇ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပပူဇော်သည့် မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၁၁**

၁၃၈၇ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပပူဇော်သည့် မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများ ကျင်းပရေးနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသတို့ အမှူးပြုသည့် ဆရာတော်ကြီးများ ကြွရောက် ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ **စာမျက်နှာ ၅ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစောနှင့်ဇနီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

☆ စာမျက်နှာ ၄ မှ
ဒုတိယဝန်ကြီးချုပ်က အဂ္ဂါဓိပတိ သာသနာ့ ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ် ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီး ကပ်လှူပူဇော်သည်။

ထို့နောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသော ဒေ့ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးအား လည်းကောင်း၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော်ကြီးအား လည်းကောင်း၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ အခမ်းအနားသို့ တက်ရောက်လာသည့် အကြီးအကဲများနှင့်ဇနီးများက ဆရာတော်ကြီးများအားလည်းကောင်း လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးထံမှအနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဆက်ကပ်လှူဒါန်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးဝဏ္ဏမောင်လွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းနှင့်ဇနီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိသာသနဝိမာန်တော်၌ ၁၃၈၇ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့ ဓမ္မသဘင်မင်္ဂလာအခမ်းအနား ဆင်ယင်ကျင်းပစဉ်။

✻ ကျောဖုံးမှ

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သီတဂူဆရာတော်ကြီး ဟောကြားတော်မူသည့် ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ ဓမ္မကထာဒေသနာတော်ကို ရိုသေလေးမြတ်စွာ နာယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဓမ္မပူဇာ အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ကပ္ပိယကာရကအဖြစ် လက်ခံရယူပြီး သီတဂူဆရာတော်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သီတဂူဆရာတော်ကြီးအား မော်ကွန်းတင် ဂုဏ်ပြုပူဇော်လွှာ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သီတဂူဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကဆုန်လပြည့်ဗုဒ္ဓနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲ ကျင်းပ

**နေပြည်တော် မေ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူးကျင်းပသည့် ကဆုန်လပြည့် ဗုဒ္ဓနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိသာသနဝိမာန်တော်ကြီး၌ ကျင်းပသည်။





အခမ်းအနားသို့ စာတမ်းဖတ်ပွဲ သဘာပတိဆရာတော်ကြီးများဖြစ်ကြသည့် နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကုမာရ၊ နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၊ စာတမ်းရှင်ဆရာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး သဘာပတိဆရာတော် နိုင်ငံတော် ပရိယတ္တိသာသနတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာ ဘဒ္ဒန္တကုမာရနှင့် နိုင်ငံတော်ပရိယတ္တိ သာသနတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကေသရတို့က အဖွင့်ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော် ပရိယတ္တိသာသနတက္ကသိုလ်(ရန်ကုန်)မှ အဘိဓမ္မပိဋကမဟာဌာန ပါမောက္ခ/ဌာနမှူးဆရာတော် ဒေါက်တာဘဒ္ဒန္တထေရိန္ဒာဘိဝံသက **"ဗျာဒိတ်ရကြောင်း ရှစ်ပါးနှင့် ဗျာဒိတ်ခံဘဝတို့ တိုက်ဆိုင်လေ့လာခြင်း"** စာတမ်းကိုလည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်(မန္တလေး)မှ သုတ္တန္တ ပိဋကမဟာဌာန နည်းပြဆရာတော် ဘဒ္ဒန္တစန္ဒိမာက **"အနာဂတဝင်ကို ပိဋကတ်စာပေနှင့် နှိုင်းယှဉ်လေ့လာခြင်း"** စာတမ်းကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် နိုင်ငံခြားဘာသာများ သင်ကြားရေးနှင့် ဘာသာပြန်မဟာဌာန ဌာနကြီးမှူးဆရာတော် ဒေါက်တာ ဘဒ္ဒန္တပါရမီက **"ဗုဒ္ဓမြတ်စွာ ပွင့်တော်မူခြင်းနှင့် ကမ္မဝါဒကို လေ့လာခြင်း"** စာတမ်းကိုလည်းကောင်း၊ သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်(စစ်ကိုင်း)မှ ပါမောက္ခဆရာတော် ဒေါက်တာဘဒ္ဒန္တက္ကန္ဒကက **"မဟာပရိနိဗ္ဗာန သုတ်ကို အခြေခံ၍ မြတ်ဗုဒ္ဓ၏ နောက်ဆုံးဆယ်လအတွင်း ထူးခြားဖြစ်စဉ်များ လေ့လာသုံးသပ်ခြင်း"** စာတမ်းကိုလည်းကောင်း ဖတ်ကြားကြပြီး စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများက စာတမ်းများအလိုက် သိလိုသည်များကို မေးမြန်းလျှောက်ထားကြရာ စာတမ်းရှင်ဆရာတော်များက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သဘာပတိဆရာတော်ကြီးများနှင့် စာတမ်းရှင်ဆရာတော်များအား စာတမ်းဖတ်ပွဲအခမ်းအနား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သဘာပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒက စာတမ်းများနှင့်စပ်လျဉ်း၍ နိဂုံးချုပ်ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဥပ္ပါတသန္တိစေတီတော်ကြီး ပြန်လည်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် မတ် ၁၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ဥပ္ပါတသန္တိစေတီတော်ကြီးသို့ သွားရောက်၍ မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရင်ပြင်တော်၊ ပစ္စယာနှင့်ပရိဝုဏ်များ ထိခိုက်ပျက်စီးခဲ့မှုများအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ညှိနှိုင်းဆောင်ရွက်**

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်၊ ပစ္စယာနှင့်ပရိဝုဏ်များ ထိခိုက်ပျက်စီးမှုနှင့် ပြုပြင်မွမ်းမံရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများ၊ Cement grouting အတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ Soil stabilization လုပ်ရန်အတွက် Backhoe breaker ဖြင့် မူလရင်ပြင်တော်ကြမ်းခင်းအား တူးထုတ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ရေး၊ လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများ ထပ်မံဖြည့်ဆည်းဆောင်ရွက်ရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရေရှည်ခိုင်ခံ့မှုရှိအောင် ဆောင်ရွက်ရေး၊ နည်းပညာဆိုင်ရာ ပြုပြင်မွမ်းမံရေးလုပ်ငန်းများအား စနစ်တကျစီမံဆောင်ရွက်နိုင်ရေး မှာကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမင်းမင်း သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောင်းချပေးမည့် ပြခန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများသည် ယနေ့ညနေပိုင်းတွင် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် လိုအပ်သည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများကို အများပြည်သူများ ဈေးနှုန်းမှန်ကန်စွာနှင့် အရည်အသွေးပြည့်မီစွာ ဝယ်ယူနိုင်ရေး ရည်ရွယ်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ မေ ၁၂ ရက်မှ ၁၈ ရက်အထိကျင်းပမည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ ရောင်းချပေးမည့် ပြခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ခင်းကျင်းပြသရောင်းချမည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအတွက် ပြခန်းဆောင် တည်ဆောက်ပြီးစီးမှု၊ ပြသရောင်းချမည့်ပစ္စည်းများ အရည်အသွေး ပြည့်မီစေရေး၊ စတင် ဖွင့်လှစ်ရောင်းချမည့်နေ့တွင် အဆင်သင့်ဖြစ်စေရေးတို့ကို တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ ပြခန်းဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောင်းချပွဲတွင် ကုမ္ပဏီ ၆၁ ခုမှ ပြခန်းပေါင်း ၇၄ ခုဖြင့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ပြသရောင်းချပေးမည်ဖြစ်ကြောင်းနှင့် ပြည်သူများအနေဖြင့် သက်သာသောဈေးနှုန်းများဖြင့် လွတ်လပ်စွာဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




# ငွေသောင်ယံဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မွန်ပြည်နယ် ကျိုက်ထိုခရိုင် ဘီးလင်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၁၆၁၄ ဧကရှိသောနယ်မြေကို **“ငွေသောင်ယံဒီရေတောကြိုးပြင်ကာကွယ်တော”**အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၄၅/၂၀၂၅)အရ ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း(၄)ရက် (၂၀၂၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်/ လေမုန်တိုင်းဒဏ် ခံစားရမှုများအား သဘာဝအစိမ်းရောင် တံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ကမ်းရိုးတန်းဒေသ ရေရှည်တည်တံ့ရေးကို အထောက်အကူပြုနိုင်ရန်၊ ဒေသခံပြည်သူများအတွက် ငါး၊ ကဏန်း၊ ပုစွန် စသော ရေသယံဇာတများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန်၊ ကုန်းတွင်းပိုင်းသို့ ဆားငန်ရေဝင်ရောက်မှုများမှ တားဆီးကာကွယ်ရန်နှင့် ဒီရေတောဂေဟစနစ်စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ငွေသောင်ယံဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ဒီရေတောစိုက်ခင်းများတည်ထောင်၍ ဒီရေတောသစ်ပင်များ ဖြစ်ထွန်းလာပြီး ပင်လယ်လှိုင်း၊ ဒီရေနှင့် လေမုန်တိုင်းစသည့်သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးနိုင်မည်ဖြစ်ခြင်း၊ ကမ်းပြိုတိုက်စားမှု လျော့နည်းလာမည်ဖြစ်ခြင်း၊ လယ်ယာမြေများအတွင်း ဆားငန်ရေဝင်ရောက်မှုကို ကာကွယ်နိုင်မည်ဖြစ်ခြင်း၊ ရေနေသတ္တဝါများနှင့် ဆောင်းခိုငှက်၊ ရေပျော်ငှက်များအတွက် စားကျက်နေရာများ တိုးပွားလာမည်ဖြစ်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုအခြေအနေကောင်းမွန်စေရေး အထောက်အကူပြုနိုင်မည်ဖြစ်ခြင်း၊ မြန်မာ့သစ်တောမူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်ခြင်း၊ ဒီရေတောဧရိယာအတွင်းရှိ သစ်တောသစ်ပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များ ထာဝစဉ်ရေရှည်တည်တံ့စေနိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**






# ကဆုန်လပြည့်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီများ၌ ကုသိုလ်ဒါနပြုကြ၍ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ခြင်းများ ဆောင်ရွက်

**နေပြည်တော် မေ ၁၁**

ယနေ့ကျရောက်သည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့) နေ့ထူးနေ့မြတ်တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုခြင်း၊ ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်း ပူဇော်ခြင်း၊ စေတနာရှင်၊ ကုသိုလ်ရှင်များက သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ ကျင်းပခြင်းနှင့် စတုဒိသာကျွေးမွေးလှူဒါန်းကြခြင်းစသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်။



ပြည်ထောင်စု နယ်မြေ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်သို့လည်း နံနက်ပိုင်းမှစတင်၍ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ၊ ပြည်သူများလာရောက်၍ ပန်း၊ ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်ကို ညောင်ရေသွန်းလောင်း ပူဇော်ကြကာ မဟာဗောဓိ ညောင်ပင်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များကိုလည်း ရေသပ္ပာယ်ပူဇော်ကြသည်။

ထို့နောက် ဘုရားဖူးလာပြည်သူများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအပါအဝင် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားပူဇော်ထားသည့် ဂန္ဓကုဋီတိုက်တော်များ၊ ကျောက်စာရုံစေတီတော်၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရားစသည့် ဘုရား၊ ကျောင်း၊ ကန်၊ သာသနိကအဆောက်အအုံများကို လေ့လာဖူးမြော်ကြည်ညိုကြပြီး တရားဘာဝနာ ပွားများအားထုတ်ခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းများ ဆောင်ရွက်ကြကာ တရားဓမ္မသံတို့ဖြင့် ထုံးမွမ်းလျက်ရှိသည်ကို လည်း တွေ့မြင်ကြားသိရသည်။

ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲနှင့်အတူ ဗုဒ္ဓနေ့အထိမ်းအမှတ်အဖြစ် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်း၍ ဗုဒ္ဓနေ့အထိမ်းအမှတ်စာတမ်းဖတ်ပွဲကျင်းပပြီး ညပိုင်းတွင်လည်း ဘုရားဖူးလာပြည်သူများက ကဆုန်လပြည့်ဗုဒ္ဓနေ့ ဓမ္မသဘင်မင်္ဂလာအခမ်းအနားတွင် သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဟောကြားချီးမြှင့်တော်မူသည့် ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ ဓမ္မကထာဒေသနာတော်ကို ရိုသေလေးမြတ်စွာ နာယူကြည်ညိုကြသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တန်ခိုးကြီးဘုရားစေတီတို့တွင်လည်း ဓမ္မစကြာဝတ်အသင်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ ဘုရားဖူးလာပြည်သူများက ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူပူဇော်ခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ဗောဓိညောင်ပင်အား ကဆုန်ညောင်ရေသွန်း လောင်းပူဇော်ခြင်းတို့ကို ကုသိုလ်စိတ်အားထက်သန်စွာဖြင့် ဆောင်ရွက်ကြပြီး အလှူရှင်များက ရေ၊ အစားအစာနှင့် အချိုရည်များကို စတုဒိသာအလှူအဖြစ် လှူဒါန်းကြသည်။

ညနေပိုင်းတွင်လည်း မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများရှိ ဘုရားစေတီများနှင့် မဟာဗောဓိပင်တို့၌ ဆီမီး၊ ပန်းမန်၊ သောက်တော်ရေချမ်း ကပ်လှူပူဇော်ကြခြင်း၊ ဝတ်ရွတ်ပူဇော်ကြခြင်း၊ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြခြင်းနှင့် စတုဒိသာကျွေးမွေးခြင်းတို့ကိုလည်း ကုသိုလ်သဒ္ဓါတရားထက်သန်စွာ ဆောင်ရွက်ကြသည်။

ကဆုန်လပြည့်နေ့တွင် ဘုရားဖူးလာရောက်ကြသည့် ပြည်သူများကို ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ကူညီစောင့်ရှောက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့များကလည်း ဘုရားဖူးပြည်သူများ စိတ်အေးချမ်းစွာ ကုသိုလ်ပြုနိုင်ရန် လုံခြုံရေးဆောင်ရွက်ပေးခဲ့သည်။

**သတင်း - မျိုးဆက်သစ်**
**ဓာတ်ပုံ - ဖိုးပြည့်စုံ**





## ကသာမြို့၌ ကဆုန်ညောင်ရေသွန်းလောင်းပွဲ အခမ်းအနားကျင်းပ

**ကသာ မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်း ပူဇော်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မဟာလေးထပ်ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။



ဦးစွာ ကသာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဝတ်အသင်းအဖွဲ့များက မဟာလေးထပ်ကျောင်း ဆရာတော် ဘဒ္ဒန္တကုသလ မဟာထေရ်မြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**သွန်းလောင်းပူဇော်**

ထို့နောက် ဆရာတော်၊ သံဃာတော်များဦးဆောင်၍ ကသာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက မဟာဗောဓိညောင်ပင်အား အမွှေးနံ့သာရည်များဖြင့် သွန်းလောင်းပူဇော်ခဲ့ကြကြောင်း သိရသည်။

**ကျော်စွာထွန်း(ကသာ)**

## ရေတာရှည်မြို့နယ်၌ ညောင်ရေသွန်းပွဲ ကျင်းပ

**ရေတာရှည် မေ ၁၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ဆွမ်းဆန်စိမ်း လောင်းလှူပွဲနှင့် ညောင်ရေသွန်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီက သမိုင်းဝင်ဓာတ်တော်ဘုရားဝင်း၌ ကျင်းပသည်။

ဆက်လက်၍ သမိုင်းဝင်ဓာတ်တော်ဘုရားကြီးဓမ္မာရုံတွင် ပြုလုပ်သည့်အခမ်းအနား၌ နိုင်ငံတော် သံဃမဟာနာယက ဗဟိုဝန်ဆောင် ဆရာတော် ဘဒ္ဒန္တ ပညာဇောတထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ဩဝါဒါစရိယဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားတွင် ဩဝါဒါစရိယဆရာတော်ကြီးများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်း ဦးဆောင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကဆုန်လပြည့်ဗုဒ္ဓနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ ညောင်ရေသွန်းလောင်းကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိ

**ရန်ကုန် မေ ၁၁**

ယနေ့သည် ဖွား၊ ပွင့်၊ ဟော၊ စံ ဗျာဒိတ်ခံသည့် ကဆုန်လပြည့် ဗုဒ္ဓနေ့ဖြစ်ပြီး ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီ၊ ပုထိုးများ၌ ဥပုသ်သီတင်းသီလ ဆောက်တည်ကြသူများ၊ ကုသိုလ်ဒါနကောင်းမှုပြုကြသူများ၊ ညောင်ရေသွန်းလောင်းကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့တို့ကြီးမှူးကျင်းပသည့် (၄၂)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၅ နာရီခွဲမှစတင်၍ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲကို စေတီတော်ရင်ပြင်ရှိ ဒွေ့ခံတန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ဗုဒ္ဓပူဇာအဖြစ် ဗုဒ္ဓမြတ်စွာဘုရားရှင်အား အရုဏ်ဆွမ်းတော်ကြီးနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးများ ဆက်ကပ်လှူဒါန်းပူဇော်ပြီး စေတီတော်မြတ်ကြီးအား မြတ်ဘုရားရွှေတိဂုံဂါထာဖြင့် ရှိခိုးပူဇော်ခြင်း၊ နဝင်္ဂသီလ ခံယူဆောက်တည်ခြင်း၊ ဘုရား တရား သံဃာ ဂုဏ်တော်များ ရွတ်ပွားပူဇော်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ ဆုတောင်းအမျှဝေ သာဓုခေါ်ဆိုခြင်းတို့ ဆောင်ရွက်ကြသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော် ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များသည် (၄၂) ကြိမ်မြောက် ကဆုန်ညောင်ရေ သွန်းလောင်း ပူဇော်ပွဲကျင်းပရန် စေတီတော်ရင်ပြင် ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ ရွှေတိဂုံစေတီတော် မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး အခမ်းအနားကျင်းပမည့် မဟာဗောဓိညောင်ပင် နေရာ၌ နေရာယူကြသည်။



ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများက ပရိဘောဂစေတီ (မဟာဗောဓိညောင်ပင်)အား ဗုဒ္ဓါဘိသေက မင်္ဂလာအနေကဇာတင်လှူ ပူဇော်ကြသည်။



သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ ဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက ညောင်ရေသွန်းလောင်းပူဇော်ကြသည်ကို တွေ့ရစဉ်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ တိပိဋကရေတိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက စွန်းလွန်းဆရာတော် ဘဒ္ဒန္တသုန္ဒရထံမှ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ဒွေ့ပရိသတ်များက နဝင်္ဂသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးအောင်ဇေယျလင်းက ဗောဓိရုက္ခဥဒက ပူဇာမင်္ဂလာ စာတမ်းလွှာကို ဖတ်ကြားလျှောက်ထားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တာဝန်ရှိသူများက ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ သ.စ.အ ဓမ္မာစရိယ ဝဋံသကာ ပါဠိပါရဂူ စေတိယင်္ဂဏ ပဝရသိရီ မဟာဓမ္မဂုရု ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာဆရာတော်) ထံမှ အနုမောဒနာတရား နာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးနှင့် တာဝန်ရှိသူများသည် ဆူးလေစေတီတော်နှင့် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့တို့က ကြီးမှူးကျင်းပသည့် ကဆုန်လပြည့်ဗုဒ္ဓနေ့ ညောင်ရေသွန်းလောင်း ပူဇော်ပွဲများသို့ တက်ရောက်ကြပြီး စေတီတော်ရှိ ဗုဒ္ဓရုပ် ပွားတော် မြတ် များအား ဖူးမြော်ကြည်ညိုကြ၍ ဗောဓိညောင်ပင်များအား ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဘုရားဖူးလာပြည်သူများနှင့်အတူ ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ရေးဟောင်း သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ၍ (၄၇)ကြိမ်မြောက် ဗုဒ္ဓါဘိသေက မင်္ဂလာအနေကဇာတင်ပွဲနှင့် ညောင်ရေသွန်းလောင်း ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)ဌာနခွဲ ဝန်ထမ်းမိသားစုများ၏ ၁၃၈၇ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့ ဗုဒ္ဓပူဇနိယမင်္ဂလာနှင့် ကဆုန်ညောင်ရေသွန်းလောင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကမ္ဘာအေးကုန်းမြေရှိ မဟာဝုန်တောရှိ မဟာဝုန်ဓမ္မသာလာ၌လည်းကောင်း ကျင်းပကြသည်။

အလားတူ ရွှေဘုန်းပွင့်စေတီတော်၊ ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ် စေတီတော် (ရန်ကုန်)၊ မဟာဝိဇယစေတီတော်၊ သမိုင်းဝင် မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော်၊ ကျိုက္ကဆံစေတီတော်၊ ဆုတောင်းပြည့် မယ်လမုစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရား တို့၌လည်း သက်ဆိုင်ရာ စေတီတော်ဂေါပကအဖွဲ့ဝင်များကြီးမှူး၍ ညောင်ရေသွန်းလောင်းပူဇော်ပွဲများ ကျင်းပကြရာ ဆရာတော်ကြီးများထံမှ သီလခံယူခြင်း၊ ပရိတ်တရားတော်နှင့် ရေစက်ချတရား နာယူခြင်းများ ဆောင်ရွက်ကြကာ ဘုရားဖူးလာပြည်သူများနှင့်အတူ ညောင်ရေသွန်းလောင်းကြကြောင်း သိရသည်။

ယနေ့ ကဆုန်လပြည့်ဗုဒ္ဓနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီ၊ ပုထိုးများ၌ ဘုရားဖူးလာပြည်သူများအား အလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်းကြရာ အထူးစည်ကားများပြားလျက်ရှိကြောင်း သိရသည်။

ဇော်မင်းလတ်(mna)



မဟာဝိဇယစေတီတော်၌ ဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက ညောင်ရေသွန်းလောင်းပူဇော်ကြသည်ကို တွေ့ရစဉ်။





မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများနှင့် ညောင်ရေသွန်းလောင်းပူဇော်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# ကဆုန်လပြည့်(ဗုဒ္ဓနေ့) တွင် မန္တလေးမြို့လုံးအနှံ့ ဗောဓိညောင်ပင်အား ညောင်ရေသွန်း လောင်းသူများ၊ ဆွမ်းဆန်စိမ်းလောင်းလှူ ကုသိုလ်ပြုသူများဖြင့် စည်ကား

**မန္တလေး မေ ၁၁**

ကဆုန်လပြည့် (ဗုဒ္ဓနေ့) သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များအတွက် မင်္ဂလာရှိသော နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားစေတီပုထိုးများ၌ ဗုဒ္ဓါဘိသေက အနေကဇာ တင်လှူပူဇော်ပွဲများနှင့် ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်း ပူဇော်ပွဲများ ကျင်းပခြင်း၊ မန္တလေးမြို့လုံးအနှံ့တွင် ကုသိုလ်ရှင်များက ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်များ လောင်းလှူခြင်းနှင့် စတုဒိသာ ကျွေးမွေးလှူဒါန်း ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် မဟာမုနိရုပ်ရှင်တော်မြတ်အား ဒုတိယရေတော်ဆရာတော် ဦးဆောင်၍ ဆရာတော်ငါးပါးက ဗုဒ္ဓါဘိသေက အနေကဇာတင်တော် မူကြပြီး ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက သတ်မှတ်ပေးထားသော ဂန္ဓကုဋိတိုက်အပြင်ဘက် အရှေ့ဘက်စောင်းတန်းမှ ဖူးမြော်ခွင့်ပေးထားရာ ရဟန်းရှင်လူပြည်သူများ၊ ဓမ္မစကြာဝတ်အသင်းများ၊ ဘာသာရေး အသင်းအဖွဲ့များ၊ မန္တလေးဒေသခံ ပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက ဘုရားကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူပူဇော်ခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ဥပုသ်သီလ ဆောက်တည်ကြခြင်းများ အပြင် မဟာမုနိပရိဝုဏ်အတွင်း အင်္ဂါထောင့်ရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်သူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မဟာအတုလ ဝေယံ(အတုမရှိ) ကျောင်းတော်ကြီးတွင် ကဆုန်လပြည့်နေ့ နံနက် ၇ နာရီက မန္တလေးမြို့ပေါ်ရှိ စာသင်တိုက်အသီးသီးမှ သံဃာတော်များ၊ သီလရှင်များအား ဆွမ်းဆန်၊ ဆီ၊ ကြက်သွန်နှင့် ကုလားပဲဆက်ကပ်လှူဒါန်းပွဲနှင့် ပင့်သံဃာတော် ၁၀၈ ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုကျင်းပခဲ့ရာ ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြပြီး ဆရာတော်၊ သံဃာတော်များအား သဒ္ဓါတရား ထက်သန်စွာဖြင့် လောင်းလှူကြသည့် ပုံရိပ်များသည်လည်း နေ့ထူးနေ့မြတ် ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ကြည်ညိုဖွယ်ရာ မြင်ကွင်းအဖြစ် တွေ့မြင်ကြရသည်။



ချမ်းသာရာဘုရားပရိဝုဏ်အတွင်းရှိ ဗောဓိညောင်ပင်၌ ညောင်ရေသွန်းလောင်းကြသူများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ထို့အတူ ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဆိုင်ရာ မင်္ဂလာအခမ်းအနားများကိုဘာသာရေးဆိုင်ရာထုံးတမ်းအစဉ်အလာများနှင့်အညီ မြို့နယ်၊ ရပ်ကွက်များအလိုက် ကျင်းပကြပြီး မန္တလေးမြို့တွင်းရှိ မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရား၊ ကျောက်တော်ကြီးဘုရား၊ အောင်တော်မူဘုရား၊ ချမ်းသာရာဘုရား၊ ကျောက်စိမ်းစေတီတော်၊ စွယ်တော်မြတ်စေတီ (မန္တလေး) နှင့် အခြားတန်ခိုးကြီးဘုရားများတို့တွင်လည်း ဘုရားဖူးလာသူများ၊ ညောင်ရေသွန်းလောင်းသူများဖြင့် စည်ကားလျက်ရှိကာ အလှူရှင်များကလည်း အာဟာရဒါနစတုဒိသာ ကျွေးမွေးလှူဒါန်းခဲ့ကြသည်။

ညနေပိုင်းတွင်လည်း မြို့နယ်၊ ရပ်ကွက်များရှိ ဘုရားများတွင် စိုက်ပျိုးထားရှိသည့် မဟာဗောဓိညောင်ပင်များ၌ ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ကာ ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် မန္တလေးမြို့လုံးအနှံ့ စည်ကားလျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

## ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ ကဆုန်လပြည့်နေ့ညောင်ရေသွန်းလောင်းပွဲ ကျင်းပ



**ရန်ကုန် မေ ၁၁**

ကဆုန်လပြည့် (ဗုဒ္ဓနေ့)ကဆုန် ညောင်ရေသွန်းလောင်းပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ကကြီးမှူး၍ ယနေ့နံနက် ၇ နာရီတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် မြို့နယ်ကျက်သရေဆောင် အောင်ဗောဓိဆုတောင်းပြည့်စေတီတော်ဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းလွင်နှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းလွင် အမှူးပြုသော အလှူရှင်များက အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကဆုန်ညောင်ရေသွန်းလောင်းခြင်းကို ပြုလုပ်ရာ စေတီတော်ရင်ပြင်တွင် အင်္ဂါထောင့်မှစတင်၍ ကြေးစည်အဖွဲ့၊ သာသနာ့အလံကိုင်အဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဂေါပကအဖွဲ့များ၊ ဖိတ်ကြားထားသူများ၊ ဝတ်အသင်းအဖွဲ့များနှင့် အကအဖွဲ့များက စီတန်း၍ စေတီတော်ကြီးအားလက်ယာရစ်သုံးကြိမ် လှည့်လည်ပူဇော်ကန်တော့ကြပြီး အင်္ဂါထောင့်ရှိ မဟာဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်း ပူဇော်ကြကြောင်း သိရသည်။

**နေမျိုးအောင်**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ဆယ်ရွာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သုံးခွမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားအရည်အချင်းပြည့်မီသူများအား “ပန်းခင်း” စီမံချက် အဆင့်( ၃ )ဖြင့် မေ ၁၁ ရက် နံနက် ၉ နာရီတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးစဉ်။

ကိုကျော် (သုံးခွ)



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ မီဒီယာများအားဖြေကြားချက်



ရုရှားနိုင်ငံရဲ့ နှစ်(၈၀)ပြည့် မျိုးချစ်စစ်ပွဲကြီးက ရုရှားနိုင်ငံမှာပဲ ကျင်းပတာပေါ့။ အမှန်ကတော့ ဒီမျိုးချစ်စစ်ပွဲကြီးဆိုတာ ရုရှားနိုင်ငံ တစ်နိုင်ငံတည်းအတွက် သက်ဆိုင်တာမဟုတ်ပါဘူး။ အရင်တုန်းက ကမ္ဘာမှာဖက်ဆစ်စနစ်၊ နာဇီစနစ်ဆိုတဲ့ အစွန်းရောက်မှုတွေရှိခဲ့တယ်။ ဒီဖက်ဆစ်စနစ်၊ နာဇီစနစ်ကို ဆန့်ကျင်တိုက်ခိုက်တဲ့ ကိစ္စပဲ။ ဖက်ဆစ်စနစ်၊ နာဇီစနစ်ကို ဆန့်ကျင်တိုက်ခိုက်တဲ့ကိစ္စဆိုတာက ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ခင်ဗျားတို့ ကျွန်တော်တို့သိတဲ့အတိုင်းပဲ၊ ဖက်ဆစ်စနစ်ရဲ့ ဆိုးကျိုးတွေ ကျွန်တော်တို့ခံစားခဲ့ရပါတယ်။ မြန်မာပြည်သူ တစ်ရပ်လုံးလည်း နှိပ်စက်ခံခဲ့ရပါတယ်။ ဒီလိုပဲ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ နိုင်ငံတွေမှာလည်း ဖက်စစ်စနစ်ရဲ့ ဆိုးကျိုးတွေခံခဲ့ရတယ်။ ဥပမာ–ဖက်ဆစ်စနစ်ရဲ့ ဆိုးကျိုးကိုသိချင်ရင် မြန်မာနိုင်ငံမှာဆို ငဘာဆိုတဲ့ဝတ္ထုစာအုပ်ရှိတယ်။ ဖတ်ကြည့်ပါ။ ဒါဖြစ်ရပ်မှန်တွေကို ရေးသားထားတာ၊ ဖြစ်ရပ်မှန်တွေနဲ့ သမိုင်းကြောင်းကြီးကို အခြေခံပြီးရေးသားထားတာပါ။ ဒီလိုပဲ ကျွန်တော်တို့ အိမ်နီးနားချင်း တရုတ်နိုင်ငံမှာဆိုလည်း နမ့်နင်းလူသတ်မှုတို့ဘာတို့ရှိခဲ့တယ်။ ဒီလိုပဲ အရှေ့ဥရောပထဲပါတဲ့ ရုရှားဟာဆိုလည်း အရှေ့ဥရောပမှာ ဒီနာဇီစနစ်ကို အဓိကထားပြီးတော့ တိုက်ခိုက်ခဲ့တဲ့နိုင်ငံပေါ့။ သူ့ရဲ့လူဦးရေ ၂၆ သန်းလောက် အသက်ပေးသွားရတာရှိတယ်။ ၂၆ သန်းဆိုတဲ့လူဦးရေဟာ ခုခေတ်လူဦးရေနဲ့ ချိန်ဆကြည့်မယ်ဆိုရင်တောင် အတော်များတဲ့ လူဦးရေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူတို့ကအောင်ပွဲလုပ်ကြတာဖြစ်တယ်။

ဒါက ယခင်က အတိတ်သမိုင်းကြောင်းဖြစ်ပါတယ်။ အခုခေတ် သမိုင်းကြောင်းကိုကြည့်မယ်ဆိုရင် ကျွန်တော်တို့ ခဏခဏပြောနေတဲ့ ခေတ်သစ်ကိုလိုနီဝါဒရှိမယ်။ ခေတ်သစ်မှာ စီးပွားရေးလက်ဝါးကြီးအုပ်မှုတွေရှိတယ်။ ခေတ်သစ်မှာ နိုင်ငံကြီးတွေက နိုင်ငံငယ်တွေအပေါ်မှာ လွှမ်းမိုးလိုတဲ့ဆန္ဒတွေ အမြဲရှိပါတယ်။ ဒါတွေကိုတော့ ကျွန်တော်တို့က ပူးပေါင်းပြီးတော့ တိုက်ဖျက်သွားရမယ်။ ပူးပေါင်းပြီးတော့ ဆန့်ကျင်သွားရမှာဖြစ်တယ်လို့ ပြောချင်တယ်။ ဒီနေရာမှာ မြန်မာ့တပ်မတော်အနေနဲ့လည်း ဒီနှစ်(၈၀)ပြည့်အခမ်းအနားမှာ ဒါကျွန်တော်တို့ ပထမဦးဆုံးအကြိမ်အနေနဲ့ပါဝင်ပြီးတော့ ဆောင်ရွက်ခဲ့တယ်။ စစ်ရေးပြလျှောက်ခဲ့တယ်။ ဂုဏ်ပြုချီတက်ခဲ့တယ်။ ဒီအတွက်လည်း မြန်မာ့တပ်မတော်သည် နံပါတ်တစ် နိုင်ငံတကာတပ်မတော်တွေနဲ့အညီ မြန်မာ့တပ်မတော်သည် ရင်ပေါင်တန်းနိုင်တဲ့ တပ်မတော်တစ်ရပ်ဖြစ်တယ်။ နံပါတ်နှစ် မြန်မာ့တပ်မတော်သည် နိုင်ငံတကာတပ်မတော်တွေနဲ့အတူ အဆင့်မီဆောင်ရွက်နိုင်တဲ့ တပ်မတော်ရှိတယ်ဆိုတာ ထင်ထင်ရှားရှား ပြသတာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ယခင်ကတည်းက ပြောခဲ့တယ်။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုတဲ့ စကားကိုပြောခဲ့တယ်။ ဒါကို တချို့သော တပ်မတော်မှေးမှိန်အောင် လုပ်ချင်တဲ့သူတွေက ဆန့်ကျင်ဘက်စကားတွေ ပြောကြတာပေါ့ဗျာ။ သို့သော် ခုခေတ်မှာ ကြည့်လိုက်ပါ။ မိမိတိုင်းပြည်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ မိမိတိုင်းပြည်ရဲ့ ဂုဏ်ကျက်သရေရှိရေးပေါ့နော်။ ဒီအတွက် ကာကွယ်ရေးအင်အား တောင့်တင်းဖို့လိုတယ်။ တပ်မတော်အင်အား တောင့်တင်းဖို့လိုတယ်။ မိမိရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲဖို့ဆိုရင် ရှိသေခံ့ညားလောက်တဲ့ ကာကွယ်ရေးအင်အားစုရှိဖို့လိုပါတယ်။ ဒါတွေကို ကျွန်တော်တို့ တစ်နိုင်ငံလုံး တစ်နိုင်ငံသားလုံးကသိရှိဖို့၊ သဘောပေါက်ဖို့၊ ဂုဏ်ယူဖို့ လိုတယ်။ ဒါတွေကိုကျွန်တော်တို့ဖော်ဆောင်ဖို့လိုတယ်။ ဖော်ဆောင်နိုင်အောင်လည်း အခွင့်အရေးရခဲ့တယ်လို့ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။

တရုတ်နိုင်ငံသမ္မတကြီးနဲ့ တွေ့ဆုံတဲ့ အခါမှာပေါ့။ မြန်မာနိုင်ငံအတွက် အချက်သုံးချက်ပဲပြောလိုတယ်။ နံပါတ်တစ်အချက်ကတော့ မြန်မာရဲ့အချုပ်အခြာအာဏာ၊ ဖွံ့ဖြိုးတိုးတက်မှု ဒါတွေကို တရုတ်နိုင်ငံအနေနဲ့ အိမ်နီးချင်းကောင်းပီသစွာ မြန်မာနိုင်ငံဘက်က ရပ်တည်ထောက်ခံလျက်ရှိတယ်။ နံပါတ်နှစ်အနေနဲ့က ပြည်တွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံရဲ့ပြည်တွင်းငြိမ်းချမ်းရေးပေါ့။ တရုတ်သည် သူများ၏ပြည်တွင်းရေးမှာ ဝင်ရောက်မစွက်ဖက်ရေးမူဝါဒကို လက်ခံကျင့်သုံးလျက်ရှိတယ်။ ဒ့ါအပြင် ကျွန်တော်တို့နှစ်နိုင်ငံလုံးက ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို လက်ခံကျင့်သုံးလျက်ရှိတယ်။ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး သူ့ရဲ့အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်တယ်။ သူ့ရဲ့အနောက်ဘက် ထွက်ပေါက်တစ်ခုဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး တရုတ်နိုင်ငံအနေနဲ့ ကောင်းတဲ့ဘက်က ရှုမြင်ပြီးတော့၊ ကောင်းတဲ့ဘက်က မျှော်မှန်းပြီး မြန်မာနိုင်ငံ ပြည်တွင်းငြိမ်းချမ်းရေးကိုဆောင်ရွက်ပေးလျက်ရှိတယ်။ ဒါတွေကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမယ်ဆိုတာမျိုးရခဲ့တယ်။ နံပါတ်သုံးအချက်ကတော့ ကျွန်တော်တို့ရွေးကောက်ပွဲပေါ့။ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံရဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုင်ငံတော်ဝန်ကြီးချုပ်ပြောခဲ့ပြီးသား။ ဒီနှစ်နှစ်ကုန်ပိုင်းမှာကျင်းပပေးမှာဖြစ်တယ်။

တရုတ်နိုင်ငံအနေနဲ့ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်သွားမယ့်ဟာတွေနဲ့ ပတ်သက်ပြီးတော့ ထောက်ခံအားပေးတာကို တွေ့ရတယ်။ ကျွန်တော့်အနေနဲ့သတင်းကောင်းပါးလိုတာကတော့ မြန်မာပြည်သူလူထု ယခင်ကတည်းက လိုလားတောင့်တခဲ့တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၊ ပါတီစုံဒီမိုကရေစီစနစ်ဆိုတာသည် ယခင်ကတည်းကတိုင် တပ်မတော်ရဲ့ ဖော်ဆောင်မှုနဲ့ ကျွန်တော်တို့ရရှိခဲ့တယ်။ မဲလိမ်မဲခိုးမှုတွေကြောင့် တပ်မတော်အနေနဲ့ နိုင်ငံတော်တာဝန်ကို ရယူခဲ့တယ်။ ခုချိန်မှာတော့ မြန်မာပြည်သူလူထု လိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျွန်တော်တို့အနေနဲ့ ဆက်လက်ဖော်ဆောင်သွားမှာဖြစ်ကြောင်း သတင်းကောင်းပါးလိုပါတယ်။

အဓိကပထမဦးဆုံးအပိုင်းပြောချင်တာကတော့ နိုင်ငံရေးပါတီတွေရဲ့အပိုင်းပေါ့။ နိုင်ငံရေးပါတီတွေရဲ့ အပိုင်းမှာ ကြိုတင်ပြင်ဆင်မှုတွေလုပ်ဆောင်ရမှာရှိတယ်။ ပြီးရင် ပြည်သူလူထုကိုအသိပေးပညာပေးရမှာရှိတယ်။ ဒါတွေကိုလည်း ဆက်လက်လုပ်ဆောင်သွားဖို့ ကျွန်တော့်အနေနဲ့ နံပါတ်တစ် ပြောလိုတယ်။ နံပါတ်နှစ်ကတော့ ကျွန်တော်တို့ပြည်သူလူထုရဲ့အပိုင်းပါ။ ပြည်သူလူထုရဲ့အပိုင်းမှာ ကျွန်တော်တို့သည် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ၊ ပါတီစုံဒီမိုကရေစီစနစ်ကိုအလိုရှိတယ်လို့ပြောပြီးပြီ။ ပါတီစုံဒီမိုကရေစီစနစ်ကိုအလိုရှိရင် ငြိမ်းချမ်းစွာ တရားမျှတရေးရွေးကောက်ပွဲကျင်းပနိုင်ဖို့က အခြေခံလိုအပ်ချက်ဖြစ်တယ်။

ဒီရွေးကောက်ပွဲကို ငြိမ်းချမ်းစွာကျင်းပနိုင်ဖို့အတွက် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကူညီပံ့ပိုးပေးကြပါ။ ဒီမိုကရေစီရဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ အကြမ်းဖက်ဝါဒကို ပြတ်ပြတ်သားသားဆန့်ကျင်ကြပါလို့ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။ ရုရှားနဲ့ မြန်မာရဲ့ဆက်ဆံရေးက ကြာပါပြီ၊ ခိုင်မြဲတဲ့ဆက်ဆံရေးဖြစ်တယ်။ ပထမဦးဆုံးဆက်ဆံရေးကတော့ တပ်မတော်အချင်းချင်းဆက်ဆံရေးကနေ စခဲ့တာပေါ့။ ယခင်တပ်မတော်အစိုးရလက်ထက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ လက်ထက်ကတည်းကနေစခဲ့တာဖြစ်ပါတယ်။ အခုအချိန်မှာတော့ ရုရှားနဲ့မြန်မာရဲ့ဆက်ဆံရေးဟာ တပ်မတော်နယ်ပယ်တင်မကဘဲနဲ့ ကဏ္ဍပေါင်းစုံမှာပါ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်တယ်။ ဆက်လက်ပြီးလည်းဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒီအတွက်လည်း ရုရှားကိုရောက်တဲ့အခါမှာ ကျွန်တော်တို့ မြန်မာတွေရောက်တဲ့အခါမှာပေါ့နော်။ ဒီအစိုးရတွေ ကျွန်တော်တို့ အစိုးရအချင်းချင်းတို့၊ တပ်မတော်အချင်းချင်းတော့ ကျွန်တော်မပြောသေးဘူး။ ပြည်သူအချင်းချင်းဆက်ဆံရေးပေါ့။ ရုရှားပြည်သူတွေရဲ့မြန်မာပြည်သူလူထုအပေါ် အမြင်၊ မြန်မာပြည်သူတွေရဲ့ရုရှားပြည်သူလူထုအပေါ်အမြင်ဟာ တိုးတက်ခိုင်မာနေတယ်လို့မြင်ပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့ လိုလိုလားလားရှိတယ်လို့ မြင်ပါတယ်။ ဒီအတွက်လည်း ကျွန်တော် ဂုဏ်ယူပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ခရီးစဉ်မှာ နှစ်(၈၀)ပြည့် ရုရှားရဲ့ မဟာမျိုးချစ်အောင်ပွဲ၊ အဲဒီမှာ ကျွန်တော်တို့ နိုင်ငံ့ခေါင်းဆောင်တွေ တော်တော်များများ တက်ကြတယ်။ နိုင်ငံ့ခေါင်းဆောင်တွေတော်တော်များများတက်ကြတဲ့အခါမှာ မြန်မာနိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ ခေါင်းဆောင်တွေနဲ့ တွေ့ဆုံခဲ့တယ်။ စကားပြောခဲ့တယ်။ မြန်မာနိုင်ငံရဲ့အခြေအနေကို ပိုမိုနားလည်သဘောပေါက်အောင် စွမ်းဆောင်နိုင်ခဲ့တယ်။ မြန်မာနိုင်ငံရဲ့ဖြစ်ရပ်မှန်တွေနဲ့ပတ်သက်ပြီး ပြောပြနိုင်ခဲ့တယ်။ ရှင်းရှင်းပြောရရင်တော့ မြန်မာကို ကမ္ဘာက၊ နိုင်ငံတကာက ပိုမိုနားလည်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့တယ်လို့ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။

**သတင်းစဉ်**

## MNL League Cup ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း ကွာတားဖိုင်နယ် အစောဆုံးတက်ရောက်

**ရန်ကုန် မေ ၁၁**

၂၀၂၅ MNL League Cup ပြိုင်ပွဲ အုပ်စုတတိယနေ့ကို မေ ၁၀၊ ၁၁ ရက်က ဆက်လက်ကျင်းပရာ အသင်းကြီးအများစု နိုင်ပွဲရရှိခဲ့သည်။

အုပ်စု (က) တွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက Dagon Port အသင်းကို ခုနစ်ဂိုး–တစ်ဂိုး၊ သစ္စာအားမာန်အသင်းက YB United အသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် Dagon Port အသင်းကို ဂိုးပြတ်အနိုင်ယူပြီး ကွာတားဖိုင်နယ် တက်ရောက်ရန် သေချာခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ခြောက်မိနစ်တွင် သူရိန်ထွန်း၊ ၃၇၊ ၈၇ မိနစ်တွင် မြတ်ကောင်းခန့်၊ ၃၈ မိနစ်တွင် ရဲရင့်အောင်၊ ၅၂ မိနစ်တွင် ဖွဲခန့်မင်း၊ ၆၇ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဂျော်ဒန်ဟာမီလ်တန်၊ ၉၀+၂ မိနစ်တွင် မတ်ခ်ဆာကီတို့က သွင်းယူခဲ့ပြီး Dagon Port အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၅၉ မိနစ်တွင် မိုက်ကယ်က သွင်းယူခဲ့သည်။ သစ္စာအားမာန်အသင်းမှာလည်း ဂိုးပြတ်နိုင်ပွဲဖြင့် နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိနေဆဲဖြစ်သည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးများကို ၄၅ မိနစ်တွင် လှထွန်း၊ ၇၂ မိနစ်တွင် မင်းမော်ဦး၊ ၇၄ မိနစ်တွင် နိုင်ဝင်းထွန်းနှင့် ၇၉ မိနစ်တွင် မြတ်ဘုန်းခန့်တို့က သွင်းယူခဲ့သည်။

အုပ်စု (ခ) တွင် ရန်ကုန်ယူနိုက်တက်အသင်းက ရှောဝတီယူနိုက်တက်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး ရန်ကုန်ရှိုင်ရယ်အသင်းနှင့် မဟာယူနိုက်တက်အသင်း တစ်ဂိုးစီသရေကျခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ၃၇ မိနစ်တွင် ရှောဝတီနောက်ခံလူ ပြည့်ဖြိုးဇော်ကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့် အနိုင်ဂိုးရခဲ့ပြီး ယခုပွဲအနိုင်ရလဒ်ကြောင့် နောက်တစ်ဆင့်တက်ရန် အခြေအနေကောင်းသွားသည်။ ရန်ကုန်ရှိုင်ရယ်အသင်းသည် သုံးပွဲဆက်သရေကျခဲ့ပြီး ယခုပွဲတွင် အနိုင်ရရန် နီးစပ်ခဲ့သော်လည်း ပွဲပြီးခါနီးတွင် ချေပဂိုးပေးလိုက်ရသဖြင့် သရေကျခဲ့ခြင်းဖြစ်သည်။ ၅၃ မိနစ်တွင် ဟိန်းထက်စည်သူက ရန်ကုန်ရှိုင်ရယ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ၉၀+၈ မိနစ်တွင် ကျော်ကိုကိုက ပင်နယ်တီမှတစ်ဆင့် မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည်။ ကျော်ကိုကို၏ ပထမအကြိမ် ပင်နယ်တီကန်သွင်းမှုကို ရန်ကုန်ရှိုင်ရယ်ဂိုးသမား လီပိုး ကာကွယ်နိုင်သော်လည်း ခြေထောက်စည်းကျော်နေသဖြင့် ပြန်ကန်ခိုင်းရာ ဂိုးဝင်သွားခြင်းဖြစ်သည်။

အုပ်စု (ဂ) တွင် အား/ကာသိပ္ပံအသင်းက Glory Goal အသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် ပထမဆုံးနိုင်ပွဲဖြစ်ပြီး ၄၂၊ ၄၅+၂ မိနစ်တွင် သိန်းဇော်သီဟ၊ ၆၃ မိနစ်တွင် စောဆဲကပေါ်စေးတို့က သွင်းယူခဲ့သည်။ ဟံသာဝတီယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက်ပွဲကို မေ ၁၂ ရက်တွင် YUSC ကွင်း၌ ကျင်းပမည်ဖြစ်သည်။

အုပ်စု (ဃ) တွင် ဒဂုံစတားယူနိုက်တက်အသင်းက မြဝတီအသင်းကို သုံးဂိုးပြတ်၊ ရတနာပုံအသင်းက ငွေကြယ်ပွင့်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် နောက်တစ်ဆင့်တက်ရန် အခြေအနေကောင်းသွားပြီး ၁၈၊ ၂၄ မိနစ်တွင် စွမ်းထက်၊ ၇၆ မိနစ်တွင် ထက်ဖြိုးဝေတို့က အနိုင်ဂိုးများသွင်းယူခဲ့သည်။ ရတနာပုံအသင်းမှာလည်း ၇၁ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ပြည်မိုး၊ ၈၂ မိနစ်တွင် စိုးမင်းဦးတို့သွင်းယူသည့် ဂိုးများဖြင့် နှစ်ပွဲဆက် အနိုင်ရခဲ့သည်။

**ကိုညီလေး**

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၁၁


ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လည်းကောင်း၊ မုတ်သုံလေဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ မေ ၁၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ


၁၂-၅-၂၀၂၅ ရက်နေ့မှ ၁၃-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ





၁၄-၅-၂၀၂၅ ရက်နေ့မှ ၁၅-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၁၆-၅-၂၀၂၅ ရက်နေ့မှ ၁၇-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၁၈-၅-၂၀၂၅ ရက်နေ့မှ ၁၉-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




# ပဲခူးတိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေး ဆောင်ရွက်ရန်ကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် မေ ၁၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နွေစပါး၊ မိုးစပါးစီမံကိန်းနှင့် ဆီထွက်သီးနှံ စီမံကိန်းလုပ်ငန်းများ၊ သား/ငါး ကဏ္ဍတိုးချဲ့မွေးမြူရေး၊ မေထုန်မဲ့သားစပ်လုပ်ငန်းများဖြင့် နို့စားနွား မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေး ဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ ဒိုက်ဦးမြို့နယ် ပျဉ်းမလွင်ကျေးရွာရှိ တစ်ရာသီ နှစ်သီးစီမံကိန်း ဧက ၅၀၀ စံပြစိုက်ခင်းသို့ သွားရောက်ပြီး တောင်သူ ဦးမြင့်အောင်၏ ရက် ၉၀ စပါး စိုက်ပျိုးထားမှုအခြေအနေကို ကြည့်ရှုအားပေးပြီး ဒုတိယဝန်ကြီးက သီးနှံများကို သီးထပ်စိုက်ပျိုးကြသဖြင့် မြေကိုတစ်နှစ်ပတ်လုံး အသုံးချခြင်းဖြစ်သည့်အတွက် ကြားကာလ သစ်စိမ်းမြေဩဇာအဖြစ် ပိုက်ဆံလျှော် စိုက်ပျိုးကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် အုတ်တွင်းမြို့နယ် ပေါက်တောအုပ်စု ဗောဓိကုန်းကျေးရွာရှိ မွေးမြူရေး တောင်သူ ဦးတင်အေး၏ ဥစားကြက် ၂၀၀၀၀ ကျော် မွေးမြူထားရှိမှုကို လည်းကောင်း၊ အုတ်တွင်းမြို့နယ် ဇီးဒိုင်းကျေးရွာအုပ်စု ပဲပုတ်ကျေးရွာရှိ မွေးမြူရေး တောင်သူ ဦးစောအယ်ဒို၏ ဒေင်ကြက်မွေးမြူရေးခြံတွင် RIR-မျိုးကြက်မနှင့် မျိုးကြက်အထီးများ ၁၁၀၀၀ ခန့် မွေးမြူထားရှိမှု၊ ဒေသတွင်းကြက်ပေါက်များ ဖြန့်ဖြူးနေမှု၊ RIR(မြန်မာရွှေဒင်္ဂါး) မျိုးနှင့် မြန်မာတိုင်းရင်းကြက်သားစပ် ထုတ်လုပ်ထားသည့် ဒေသကြက်များကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ကွက်ငယ် မွေးမြူရေးတောင်သူများကို နည်းပညာပေး၍ ပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တောင်ငူမြို့နယ် ကေတုမတီငါးမွေးမြူရေး ကုန်ထုတ်သမဝါယမအသင်းလီမိတက်သို့ ရောက်ရှိပြီး ငါးမြစ်ချင်း၊ ငါးမုတ်နှင့် ငါးတန် ငါးများ သားဖောက်မွေးမြူနေမှု အခြေအနေ တင်ပြချက်အပေါ် အသေးစားတစ်ပိုင်တစ်နိုင် မွေးမြူသူများနှင့် ငါးမွေးမြူရေးလုပ်ငန်းတွင် စီးပွားဖြစ်ကျယ်ကျယ်ပြန့်ပြန့် ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များကို နည်းပညာပေးဆောင်ရွက်ကြရန် မှာကြားသည်။



ဆက်လက်၍ ကံရိုးကျေးရွာရှိမွေးမြူရေးတောင်သူ ဦးအောင်ကျော်စိုး၏ ဒေသနွား ၉၀၊ နို့စားကျွဲ ၃၀၊ နို့စားနွား ၁၀ ကောင်နှင့် ဒေသနွား ၁၀ ကောင် မွေးမြူထားရှိမှုကို လည်းကောင်း၊ ကျွန်းကုန်းကျေးရွာရှိ မွေးမြူရေး တောင်သူဒေါ်ဝင်းဝင်းသွယ်၏ခြံတွင်မွေးမြူထားသည့် ခေတ်မီဥစားကြက် အကောင်ရေ ၆၀၀၀၀ ကျော် မွေးမြူထားရှိမှုကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒေသရေမြေ ရာသီဥတုနှင့်ကိုက်ညီပြီး တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်အထိ တိုးချဲ့လုပ်ကိုင်နိုင်သော မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအကျိုးအမြတ်အပြင် သင့်တင့်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြေလတ်သားအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း နှမ်းများ အခွံချွတ်သန့်စင်ပြီး နိုင်ငံခြားသို့ တင်ပို့

မကွေး မေ ၁၁

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သန်းတောကုန်းအုပ်စု နွားကူးကျေးရွာတွင် မြေလတ်သား အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက် တည်ရှိပြီး အသင်းက ဒေသတွင်း ထွက်ရှိသည့် အရည်အသွေးကောင်းမွန်သော နှမ်းများကို ဝယ်ယူကာ စက်များဖြင့် အဆင့်ဆင့် နှမ်းအခွံချွတ်သန့်စင်ပြီး တရုတ်၊ စင်ကာပူ၊ ထိုင်းနိုင်ငံတို့သို့ တင်ပို့လျက်ရှိသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံသို့ နှမ်းတန်ချိန် ၂၆၃၆၁၇ ဒသမ ၅၀ ကီလိုဂရမ် တင်ပို့နိုင်ခဲ့သည်။

မြေလတ်သား အထွေထွေစီးပွားရေး လုပ်ငန်းသမဝါယမအသင်းလီမိတက်တွင် အမှုဆောင်သုံးဦး၊ အသင်းသားစာရင်းစစ်နှစ်ဦးရှိပြီး ဝန်ထမ်း ၂၈ ဦးဖြင့် လုပ်ငန်းများ ဆောင်ရွက်ကာ နိုင်ငံခြားဝင်ငွေရရှိရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ယူကရိန်းနိုင်ငံနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ဆန္ဒရှိကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင် ပြောကြား



မော်စကို မေ ၁၁

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် လာမည့် သီတင်းပတ်တွင် တူကီယဲနိုင်ငံ၌ ယူကရိန်းနိုင်ငံနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ဆန္ဒရှိကြောင်း ပြောကြားသည်။

သမ္မတပူတင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနှစ် (၈၀) ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်သည့် ကမ္ဘာ့နိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံပြီးနောက် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်ကြောင်း ကရင်မလင်က ဆိုသည်။

မေ ၁၅ ရက်တွင် အစ္စတန်ဘူလ်မြို့တော်၌ ယူကရိန်းနှင့်ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရန် မော်စကိုအနေဖြင့် အဆင်သင့်ဖြစ်နေကြောင်း ရုရှားသမ္မတပူတင်က ပြောကြားသည်။

နှစ်နိုင်ငံအကြား တိုက်ရိုက်စေ့စပ်ညှိနှိုင်းမှုများကို ပြန်လည်စတင်သင့်ပြီး ဆွေးနွေးပွဲများကို ကြိုတင်သတ်မှတ်ချက်များမရှိဘဲ ကျင်းပသွားမည်ဖြစ်ကြောင်း ၎င်းက အလေးပေးပြောကြားသည်။

ထို့ပြင် ယူကရိန်းနှင့် ဆွေးနွေးမှုများမပြုလုပ်မီ တူကီယဲသမ္မတ အာဒိုဂန်နှင့် ဆွေးနွေးမည်ဖြစ်ကြောင်းလည်း ပူတင်က ထုတ်ဖော်ပြောကြားသည်။

မော်စကိုသည် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အသစ်အချို့ကို ငြင်းဆန်မည်မဟုတ်ကြောင်းနှင့် အပစ်အခတ်ရပ်စဲရေးကိစ္စအတွက် ယူကရိန်းနှင့် တိုက်ရိုက်ညှိနှိုင်းရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

ယူကရိန်းနှင့် အနောက်နိုင်ငံများက မေ ၁၁ ရက်မှစပြီး မြေပြင်၊ ရေပြင်နှင့် ဝေဟင်တို့၌ ခြွင်းချက်မရှိ အပြည့်အဝ အပစ်အခတ်ရပ်စဲရေးကို အကောင်အထည်ဖော်ရန် ရုရှားအား တိုက်တွန်းခဲ့ကြောင်း သိရသည်။ သို့သော် သမ္မတ ပူတင်က အဆိုပါ တိုက်တွန်းချက်နှင့်ပတ်သက်ပြီး မည်သည့်သဘောထားမှတ်ချက်မျှ ပေးခဲ့ခြင်းမရှိကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# နျူကလီးယားနှင့်ပတ်သက်သည့် ရပိုင်ခွင့်များကို စွန့်လွှတ်မည်မဟုတ်ကြောင်း အီရန်ပြောကြား

တီဟီရန် မေ ၁၁

အီရန်နိုင်ငံအနေဖြင့် အမေရိကန်နှင့် နျူကလီးယားအရေး ဆွေးနွေးရာတွင် ၎င်း၏ နျူကလီးယားနှင့်ပတ်သက်သည့် ရပိုင်ခွင့်များကို စွန့်လွှတ်မည်မဟုတ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဆာအိအဗတ်အေရာချီက ပြောကြားသည်။

အီရန်အနေဖြင့် နျူကလီးယားမပြန့်ပွားရေး ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါဆောင်ရွက်ချက်များတွင် နျူကလီးယားစွမ်းအင်အား ငြိမ်းချမ်းစွာ အသုံးပြုရေးကို ဦးစားပေးဆောင်ရွက်မည်ဟု ၎င်းက ဒိုဟာမြို့၌ ကျင်းပသည့် အာရပ်-အီရန် ညီလာခံတွင် ပြောကြားသည်။

အီရန်သည် နျူကလီးယားလက်နက် ထုတ်လုပ်ရေးအတွက် ဆောင်ရွက်နေခြင်းမရှိသကဲ့သို့ လူအစုလိုက်အပြုံလိုက် သေစေနိုင်သည့် လက်နက်ထုတ်လုပ်ရန်ကြိုးပမ်းနေခြင်းမရှိကြောင်းနှင့် အနောက်အာရှဒေသတွင် နျူကလီးယားလက်နက် ကင်းစင်ဇုန်ထူထောင်ရန်မှာ အီရန်၏ ဆန္ဒဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အကယ်၍ ယခုညှိနှိုင်းဆွေးနွေးပွဲ၏ ရည်ရွယ်ချက်သည် အီရန်၏နျူကလီးယားဆိုင်ရာ ရပိုင်ခွင့်များအား ပိတ်ပင်ရေးအတွက် ဆောင်ရွက်မည်ဆိုပါက ယင်းရပိုင်ခွင့်များ မဆုံးရှုံးစေရေးအတွက် ဆောင်ရွက်သင့်သည်များကို အီရန်က ဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိခဲ့သော်လည်း အိန္ဒိယနှင့် ပါကစ္စတန်အကြား တင်းမာမှုများရှိနေ

နယူးဒေလီ မေ ၁၁

အိန္ဒိယနှင့် ပါကစ္စတန်အကြား အပစ်အခတ်ရပ်စဲရေးအတွက် သဘောတူညီချက် ရရှိခဲ့သော်လည်း နှစ်ဖက်အကြား နယ်စပ်ဒေသတွင်တင်းမာမှုများရှိနေသေးကြောင်း ယမန်နေ့က အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။



အပစ်အခတ်ရပ်စဲရေး အတွက် နှစ်ဖက်ကြားယမန်နေ့က သဘောတူညီချက်ရရှိခဲ့သည့်တိုင် အပစ်အခတ်ရပ်စဲရေးအား ချိုးဖောက်သည်ဟု အပြန်အလှန်စွပ်စွဲချက်များရှိနေသေးကြောင်း သိရသည်။

အိန္ဒိယက ပါကစ္စတန်ပိုင်ကက်ထဲသို့ မေ ၇ ရက်က ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့ပြီးနောက် နှစ်ဖက်အကြား အပြန်အလှန်တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။

အိန္ဒိယနှင့်ပါကစ္စတန်အကြား အပစ်အခတ် ချက်ချင်းရပ်စဲရေးအတွက် ယမန်နေ့က သဘောတူခဲ့ကြောင်း အမေရိကန်သမ္မတထရမ့်က လူမှုမီဒီယာတွင် ပြောကြားခဲ့သည်။ အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ရန်သဘောတူကြောင်း နှစ်နိုင်ငံစလုံးကလည်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ်မိုဒီသည် မေ ၁၀ ရက်တွင် ကာကွယ်ရေးဝန်ကြီးရာဇနတ်ဆင်းအပါအဝင် စစ်ဘက်ဆိုင်ရာခေါင်းဆောင်များနှင့် အရေးပေါ်အစည်းအဝေးကျင်းပခဲ့သည်။

အမေရိကန်က ယခုညှိနှိုင်းဆွေးနွေးပွဲတွင် ကြားဝင်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပေးသည့်အတွက်ကျေးဇူးတင်ရှိကြောင်းနှင့် ဒေသတွင်းငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် လုံခြုံရေးအတွက် ပါကစ္စတန်က ပူးပေါင်းဆောင်ရွက်မည်ဟု ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

အပစ်အခတ်ရပ်စဲရေး တည်တံ့ရေးအတွက် နှစ်ဖက်စလုံးက ထိန်းသိမ်း ဆောင်ရွက်နိုင်ခြင်းရှိ မရှိ မသေချာကြောင်း လေ့လာသူများက ပြောကြားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ

ဘာသာပြန်-စိုးသူရ

# ဂါဇာကမ်းမြောင်ဒေသ၌ ရေပေးဝေမှုနှင့် သန့်ရှင်းရေးဝန်ဆောင်မှုစနစ်များ ပျက်စီးယိုယွင်းလျက်ရှိ

ဂါဇာစီးတီး မေ ၁၁

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးနှင့် ဟားမတ်စ်တို့အကြား ဖြစ်ပွားနေသည့် ပဋိပက္ခများကြောင့် ရေပေးဝေမှုနှင့် သန့်ရှင်းရေးဝန်ဆောင်မှုစနစ်များ ပျက်စီးယိုယွင်းလျက်ရှိကြောင်း ပါလက်စတိုင်း ရေအာဏာပိုင်အဖွဲ့က ယမန်နေ့တွင် ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့၏ စစ်ဆင်ရေးဆင်နွှဲလျက်ရှိခြင်း၊ အခြေခံအဆောက်အအုံများ ပျက်စီးခြင်း၊ ဓာတ်အား ပြတ်တောက်မှုနှင့် လောင်စာဆီနှင့် မရှိမဖြစ်လိုအပ်သော ထောက်ပံ့ရေးပစ္စည်းများအပေါ် ကန့်သတ်ချက်များကြောင့် ရေပေးဝေမှုများ ရပ်တန့်လုနီးပါး ဖြစ်နေကြောင်း ပါလက်စတိုင်းအာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်။

ဒေသအတွင်းရှိ ရေနှင့် မိလ္လာစနစ် ၈၅ ရာခိုင်နှုန်းသည် ဆိုးရွားစွာ ပျက်စီးခဲ့ပြီး ပြည်သူတစ်ဦးလျှင် တစ်နေ့တာအတွက် ပျမ်းမျှရေ သုံးလီတာမှ ငါးလီတာအထိသာ ပေးဝေနိုင်ကြောင်း ပါလက်စတိုင်း အာဏာပိုင်များက ပြောကြားသည်။

အဆိုပါရေပေးဝေမှုသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အနိမ့်ဆုံး အရေးပေါ်စံနှုန်းဖြစ်သော ၁၅ လီတာအောက်၌ ရှိနေသည်။

ထို့ပြင် မသန့်ရှင်းသောရေဆိုးများကို လူနေရပ်ကွက်များအတွင်းသို့ စွန့်ထုတ်ခြင်းနှင့် ဒေသခံများက သောက်သုံး၍မရသော ရေငန်များကို သုံးစွဲခြင်းတို့ကြောင့် ကူးစက်ရောဂါအန္တရာယ်များ ဖြစ်ပွားနိုင်ကြောင်းလည်း ၎င်းတို့က သတိပေးပြောကြားသည်။



ဇန်နဝါရီလတွင် ဟားမတ်စ်အဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး ပထမအဆင့် ပြီးဆုံးပြီးနောက် အစ္စရေးသည် ဂါဇာကမ်းမြောင်သို့ ပေးပို့သည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဝင်ရောက်မှုကို မတ် ၂ ရက်မှစပြီး ပိတ်ပင်ခဲ့သည်။

နှစ်ဖက် သဘောထားကွဲလွဲမှုကြောင့် အပစ်အခတ်ရပ်စဲရေး ဒုတိယအဆင့်ကို အကောင်အထည်ဖော် ဆောင်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# အာရှနိုင်ငံများ၏ စီးပွားရေးအကျပ်အတည်းများကို အခွင့်အလမ်းများအဖြစ် ပြောင်းလဲသင့်

ရောမ မေ ၁၁

အမေရိကန်၏ အခွန်စည်းကြပ်မှုများကြောင့် အာရှဒေသ၏ စီးပွားရေးလှုပ်ခတ်သွားနိုင်သည့် သက်ရောက်မှုများရှိပြီး ဒေသတွင်း၌ ဖြစ်ပေါ်နိုင်သည့် စီးပွားရေးအကျပ်အတည်းများကို အခွင့်အလမ်းများအဖြစ် ပြောင်းလဲဆောင်ရွက်သင့်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် အကြီးအကဲ ကန်ဒါမာဆာတိုက ယမန်နေ့တွင် ပြောကြားသည်။

စက်မှုလုပ်ငန်းနှင့် ကုန်သွယ်မှု မဟာမိတ်နိုင်ငံများကိုလည်း အကူအညီပေးရန် ရည်ရွယ်ထားကြောင်း ၎င်းက ပြောကြားသည်။ လွတ်လပ်သောကုန်သွယ်မှုစနစ်ကို ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်ခြင်းဖြင့် အာရှဒေသတစ်ခုလုံးအတွက် ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်ပြီး အာဆီယံနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုကောင်းမွန်စေရန်ဆောင်ရွက်ရမည်ဖြစ်ပြီး ဥရောပနိုင်ငံများအပါအဝင် တခြားနိုင်ငံများနှင့်လည်း ကုန်သွယ်မှုချဲ့ထွင်ရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် လိုအပ်သည့်အကူအညီများကို အာရှဖွံ့ဖြိုးရေးဘဏ်က ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်အကြီးအကဲ ကန်ဒါမာဆာတိုက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

# လျှပ်ဒဏ်ကြောင့် ငါးလုပ်ငန်းမွေးမြူရေးနှင့် ထုတ်လုပ်ရေးအပေါ် အကျိုးသက်ရောက်မှု

မောင်မော်(သတ္တဗေဒ)

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းတွင် သမားရိုးကျ ခြိမ်းခြောက်မှုမဟုတ်သည့် သဘာဝဘေးအန္တရာယ်များကို တစ်မျိုးမဟုတ်တစ်မျိုး ရင်ဆိုင်ကြုံတွေ့ကျော်လွှား ဖြတ်သန်းနေကြရပါသည်။ သဘာဝဘေးအန္တရာယ်သည် ကြိုတင်ခန့်မှန်းရန်ခက်ခဲပြီး ရေကြီးမှု၊ မြေပြိုမှု၊ မုန်တိုင်းတိုက်ခတ်မှု၊ ငလျင်လှုပ်ခတ်မှုနှင့် တောမီးလောင်ကျွမ်းမှုများက အချိန်မရွေး၊ နေရာဒေသမရွေးဖြစ်ပွားလာနိုင်သည်။ ယနေ့မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ကြောင့်ဖြစ်ပေါ်လာသော အစွန်းရောက် ရာသီဥတုဖြစ်စဉ်များကို ကမ္ဘာ့နိုင်ငံအားလုံးက ရင်ဆိုင်ကြုံတွေ့နေရပြီး မြန်မာနိုင်ငံ၌လည်း ၂၀၂၃ ခုနှစ် မေလတွင် မိုခါမုန်တိုင်းဘေး၊ ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ရာဂီမုန်တိုင်း၏အကြွင်းအကျန် တိမ်တိုက်များကြောင့် ရေကြီးရေလျှံဘေးတို့ကို ရင်ဆိုင်ကျော်လွှားခဲ့ကြရပါသည်။



၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးက အယုတ်အလတ် အမြတ်မရွေး၊ ဆင်းရဲချမ်းသာမရှိ၊ လူမျိုးဘာသာ အသွေးအရောင်မခွဲခြား၊ အသက်အရွယ်မပိုင်းခြား၊ နိုင်ငံရေးအရောင်အသွေးမသိ နိုင်ငံတစ်ဝန်းရှိ သက်ရှိလူသားအားလုံးနှင့် တိရစ္ဆာန်များအပေါ် သက်ရောက်မှုကြီးမားစွာ ဖြစ်ပေါ်ခဲ့ပါသည်။

ဤသို့လှုပ်ခတ်မှုကြောင့် မြန်မာ့သမိုင်းဝင် အဆောက်အအုံများ၊ လမ်း၊ တံတား၊ စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများနှင့် လူနေအိုးအိမ်များ၊ အစိုးရရုံးအဆောက်အအုံများ ထိခိုက်မှု ပြင်းထန်ခဲ့ရပါသည်။

နှစ်စဉ် ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ အပူလွန်ကဲခြင်း၊ အအေးလွန်ကဲခြင်းများ ဖြစ်ပေါ်ခဲ့ရပါသည်။ ရာသီဥတုပြောင်းလဲမှု၏ဒဏ်ကို ကြံ့ကြံ့ခံနိုင်ရန် လူသားများ ကြိုးစားနေရပါသည်။ အခြားရာသီဥတု ပြောင်းလဲမှုများကို မိုးလေဝသဌာန၏ ကြိုတင်ခန့်မှန်း ကြေညာပေးမှုကြောင့် ပျက်စီးဆုံးရှုံးမှု နည်းပါးခဲ့ပါသည်။ ငလျင်ကဲ့သို့သော သဘာဝဘေးဒဏ်မှာ ကြိုတင်ခန့်မှန်းတွက်ချက်ရမှု အခက်အခဲများကြောင့် ဆုံးရှုံးမှုများပြားခဲ့ပါသည်။ ငလျင်လှုပ်ခတ်မှုကို တိရစ္ဆာန်များမှာ သဘာဝအလျောက် မိနစ်ပိုင်းအတွင်း သိရှိရသည်ဟု ဆိုသော်ငြားလည်း လူသားများအတွက် သိရှိနိုင်ရန် ခဲယဉ်းလှပါသည်။

ထို့ကြောင့် ဖြစ်ပွားခဲ့သော အခြေအနေအပေါ် မူတည်၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရက နိုင်ငံတကာထောက်ပံ့ကူညီမှုများကိုရယူ၍ ပြည်သူလူထုနှင့် လက်တွဲကာ အင်တိုက်အားတိုက် လုပ်ဆောင်နေရပါသည်။ ထို့ပြင် အဆောက်အအုံ၊ လမ်းတံတားများကို ငလျင်ဒဏ်ခံနိုင်ရည်ရှိအောင် အင်ဂျင်နီယာနည်းပညာများဖြင့် တွက်ချက်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနက နွေရာသီတွင် ငါးမွေးကန်များ အပူဒဏ်ကာကွယ်ရေး သတိပေးချက်၊ မိုးရာသီတွင် ငါးမွေးကန်များ ရေကြီးရေလျှံကာကွယ်ရေးသတိပေးချက်၊ မုန်တိုင်းများ ကျရောက်နိုင်ခြေရှိပါက ပင်လယ်ပြင်တွင် ငါးဖမ်းသင်္ဘောများအား မုန်တိုင်းသတိပေးချက်၊ အရေးပေါ် ခိုလှုံရန်နေရာများကို သတ်မှတ်ပေးပြီး သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ ပြည်သူလူထုသိရှိအောင် ကျယ်ကျယ်ပြန့်ပြန့် သတိပေးကြေညာပေးလျက်ရှိပါသည်။

❁ **လျှင်ကြောင့် လျှပ်စစ်မီးပြတ်တောက်ပါက အအေးခန်းစနစ်များ ရပ်တန့်သွားနိုင်ပြီး သိုလှောင်ထားသောငါးများ လျှင်မြန်စွာ ပျက်စီးနိုင်သည်။ အထူးသဖြင့် စိုထိုင်းဆမြင့်တက်ခြင်း၊ မှိုပေါက်ခြင်းနှင့် ဗက်တီးရီးယားပေါက်ပွားမှုတို့ကြောင့် ငါးများ လုံခြုံမှု မရှိတော့ပါ။**

❁ **မီးစက်များ သို့မဟုတ် ဘက်ထရီသိုလှောင်မှုစနစ်များ တပ်ဆင်ထားခြင်းဖြင့် အအေးခန်းစနစ်မပျက်စီးစေရန် ကာကွယ်ရပါမည်။**

### ငလျင်ကြောင့် ငါးမွေးမြူရေးလုပ်ငန်းအပေါ် ထိခိုက်မှုများ

(က) **စခန်း၏ အခြေခံလုပ်ငန်းများ ပျက်စီးမှု။** ငလျင်လှုပ်ခြင်းကြောင့် လူနေထိုင်ရာ အဆောက်အအုံများ၊ အစာဂိုဒေါင်များ၊ ရုံးလုပ်ငန်း အဆောက်အအုံများ၊ သားဖောက်ရုံများ၊ သယ်ယူပို့ဆောင်ရေး ယာဉ်များ၊ လုပ်ငန်းသုံး စက်ကိရိယာများ ထိခိုက်မှု ဖြစ်ပေါ်နိုင်ပါသည်။

(ခ) **ငါးကန်များအပေါ်အကျိုးသက်ရောက်မှု။** ကန်အောက်ခြေမြေပြင်လှုပ်ခတ်သဖြင့် နုန်းများ၊ အနည်အနှစ်များ အပေါ်သို့တက်လာခြင်းကြောင့် ကန်၏ရေအရည်အသွေး ကျဆင်းနိုင်ပါသည်။ ကန်ပေါင်မြေသားများ ပြတ်/ ပြိုကျခြင်းကြောင့် အတွင်းမှရေများ အပြင်ထွက်သွားခြင်း၊ အပြင်မှ မသန့်ရှင်းသောရေများ ဝင်လာနိုင်ခြင်းကြောင့် မွေးမြူထားသောငါးများအပေါ် ထိခိုက်ဆုံးရှုံးမှုတို့ ဖြစ်ပေါ်နိုင်ပါသည်။

(ဂ) **လုပ်ငန်းဆောင်ရွက်မှုအပေါ်အကျိုးသက်ရောက်မှု။** ရင်းနှီးမြှုပ်နှံထားသော ငါး၊ အစာနှင့် အဆောက်အအုံ၊ လုပ်ငန်းသုံး ရေစုပ်စက်၊ မီးစက်၊ ပို့ဆောင်ရေးယာဉ်များ၊ အခြားလုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများ ပျက်စီးမှုကြီးမားပါက ရင်းနှီးမြှုပ်နှံမှုငွေကြေး ဆုံးရှုံးထိခိုက်နိုင်ပါသည်။

**ငလျင်ဒဏ်ကြောင့် ပျက်စီးထိခိုက်မှုအပေါ် ပြန်လည်ကုစားဆောင်ရွက်ရမည့်အခြေအနေများ**

(က) လုံးဝပျက်စီးသွားသော ငါးကန်များမှ ငါးများအား ပျက်စီးမှုနည်းပါးသော ကန်များသို့ စနစ်တကျ ရွှေ့ပြောင်းပေးရမည်။

(ခ) ပျက်စီးသွားသော ငါးကန်/အဆောက်အအုံများအား သတ်မှတ်စံချိန်/ စံညွှန်း သတ်မှတ်ချက်များနှင့်အညီ အချိန်ယူပြင်ဆင်သွားရမည်။

(ဂ) ပြင်ဆင်ပြီး ပြန်လည်မွေးမြူရမည့် ငါးကန်များအတွက် လိုအပ်သော ငါးသားပေါက်ကောင်ရေကို အစားထိုးပြန်လည်မွေးမြူရမည်။

(ဃ) ငလျင်ကြောင့် ငါးကန်ရေညစ်ညမ်းမှု ဖြစ်ပေါ်လာနိုင်သဖြင့် ရေအရည်အသွေး ပြန်လည်စစ်ဆေးပြီး သတ်မှတ်ချက်များနှင့်အညီ ပြန်လည်ထိန်းချုပ်ပြုပြင်ရမည်။

(င) ငလျင်ကြောင့် ထိခိုက်ဒဏ်ရာရခဲ့သည့် ငါးများကို သီးသန့်ခွဲခြားပြီး လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများအား ဆောင်ရွက်ပေးရပါမည်။

ငါးလုပ်ငန်းပြုပြင်ထုတ်လုပ်ရေး စက်ရုံများသည် နိုင်ငံတော်အတွက် နိုင်ငံခြားငွေ ရှာဖွေဆောင်ရွက်ပေးလျက်ရှိသောကြောင့် စက်ရုံများကို သဘာဝဘေးဒဏ်ကြောင့် ထိခိုက်မှုမခံရစေရေးနှင့် ထိခိုက်မှုရှိပါက အမြန်ဆုံး ကုစားဆောင်ရွက်နိုင်ရေးမှာ အထူးအရေးကြီးပါသည်။

ငလျင်ပြင်းထန်စွာလှုပ်ခြင်းသည် ငါးကုန်ချော ထုတ်လုပ်မှုလုပ်ငန်းအပေါ် အောက်ပါကဲ့သို့သော သက်ရောက်မှုများရှိနိုင်သည် -

(က) **အခြေခံအဆောက်အအုံနှင့် ထုတ်လုပ်မှုစနစ်များပျက်စီးခြင်း။** ငလျင်ကြောင့် ငါးမွေးမြူရေးကန်များ၊ သိုလှောင်ရုံများ၊ စက်ရုံများ၊ လှေဆိပ်များနှင့် သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများ ပြိုကျခြင်း သို့မဟုတ် ပျက်စီးခြင်းတို့ ဖြစ်နိုင်သည်။ အထူးသဖြင့် ပြင်းအားရစ်ချ်တာစကေး ၇ ကျော် ငလျင်များတွင် အဆောက်အအုံများ လုံးဝပျက်စီးနိုင်ပြီး ထုတ်လုပ်မှုကို ရပ်တန့်စေနိုင်သည်။

(ခ) **ငါးမျိုးစိတ်များ သေဆုံးခြင်းနှင့်ထိခိုက်မှု။** ငလျင်လှုပ်ပါက ရေကန်များတွင် ရုတ်တရက် လှိုင်းထနိုင်ပြီး ငါးများထိတ်လန့်ကာ သေဆုံးခြင်း၊ ရေထုညစ်ညမ်းမှုဖြစ်ပြီး အဆိပ်သင့်ခြင်းတို့ ဖြစ်စေနိုင်သည်။

(ဂ) **သယ်ယူပို့ဆောင်ရေးနှောင့်နှေးခြင်း။** ငလျင်ကြောင့် လမ်းများ၊ တံတားများပျက်စီးခြင်း၊ ဆိပ်ကမ်းများ ပြိုကျခြင်းတို့ဖြစ်ပါက ငါးထုတ်ကုန်များ ဈေးကွက်သို့ အချိန်မီမရောက်ဘဲ ပျက်စီးနိုင်သည်။ ထို့အပြင် လျှပ်တစ်ပြက်ဈေးကွက်ပြောင်းလဲမှုများလည်း ဖြစ်စေနိုင်သည်။

(ဃ) **စီးပွားရေးဆိုင်ရာ နစ်နာမှုများ ။** ထုတ်လုပ်မှုရပ်ဆိုင်းခြင်း၊ ပြန်လည်ပြုပြင်ရသော ကုန်ကျစရိတ်များ၊ ငါးဈေးနှုန်းကျဆင်းခြင်းတို့ကြောင့် လုပ်ငန်းရှင်များ ငွေကြေးဆုံးရှုံးနိုင်သည်။

**သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်သက်ရောက်မှု**

ငလျင်နှင့်အတူ မြေပြိုခြင်း၊ ရေထုညစ်ညမ်းခြင်းတို့ကြောင့် ငါးမျိုးပွားရာဒေသများ ပျက်စီးနိုင်သည်။ ထို့ပြင် ရေအောက်ဂေဟစနစ်ပြောင်းလဲမှုများက ငါးဖမ်းလုပ်ငန်းကို နှစ်ပေါင်းများစွာ ထိခိုက်စေနိုင်သည်။

**လုပ်သားအင်အားနှင့် လုံခြုံရေးပြဿနာများ**

ငလျင်ဖြစ်ပွားပါက လုပ်သားများ ဒဏ်ရာရခြင်း၊ အသက်ဆုံးရှုံးခြင်းတို့ကြောင့် လုပ်ငန်းလည်ပတ်မှု နှေးကွေးနိုင်သည်။ ထို့အပြင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကြောင့် ထုတ်လုပ်မှုစွမ်းဆောင်ရည် ကျဆင်းနိုင်သည်။

**ကာကွယ်နိုင်ရန် အကြံပြုချက်များ**

- ငလျင်ဒဏ်ခံနိုင်သော ကန်နံရံများဒီဇိုင်း ပြုလုပ်ခြင်း။
- ငါးမျိုးစိတ်များကို ဘေးကင်းရာသို့ အရေးပေါ်ရွှေ့ပြောင်းနိုင်သည့် စနစ်များ တည်ဆောက်ခြင်း။
- အစာဂိုဒေါင်များ၊ ပစ္စည်းသိုလှောင်ရုံများအား ငလျင်ဒဏ်ခံနိုင်ရည်ရှိရေး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ခြင်း။

**သဘာဝဘေးအတွက် ကြိုတင်ပြင်ဆင်ထားသော စီမံချက်များ ရေးဆွဲခြင်း**

ဤသက်ရောက်မှုများကို လျှော့ချရန် ကြိုတင်ပြင်ဆင်မှုများ၊ နည်းပညာ အထောက်အပံ့နှင့် နိုင်ငံတော်၏အကူအညီများ လိုအပ်ပါသည်။ ငလျင်လှုပ်ခတ်မှုသည် ငါးအအေးခန်းစက်ရုံများအပေါ် အောက်ပါအတိုင်း အဓိကသက်ရောက်မှုများ ရှိနိုင်ပြီး ဤသက်ရောက်မှုများကို သိပ္ပံနည်းကျလေ့လာထားသည့် အချက်အလက်များနှင့်အတူ ဖော်ပြလိုက်ပါသည်။

**အခြေခံအဆောက်အအုံနှင့် စက်ကိရိယာများ ပျက်စီးခြင်း**

ပြင်းထန်သော ငလျင်များသည် စက်ရုံ၏ အဆောက်အအုံများ(သိုလှောင်ရုံ၊ စက်ခန်းများ) ကို ပြိုကျစေနိုင်ပြီး လျှပ်စစ်ဓာတ်အားထောက်ပံ့မှု၊ အအေးပေးစနစ်၊ ရေပိုက်လိုင်းများ စသည့် စက်ကိရိယာများကို ပျက်စီးစေနိုင်သည်။ ဥပမာအားဖြင့် မန္တလေးငလျင်ကြီးကြောင့် အဆောက်အအုံများကို ပြင်းထန်စွာပျက်စီးစေပြီး စီးပွားရေးဆုံးရှုံးမှု ကြီးမားစေခဲ့သည်။ ဤကဲ့သို့ ပျက်စီးမှုများကြောင့် စက်ရုံ၏ လုပ်ငန်းလည်ပတ်မှု ရပ်တန့်သွားနိုင်သည်။

**အအေးခန်းစနစ်ချွတ်ယွင်းမှုနှင့် ငါးအရည်အသွေးထိခိုက်ခြင်း**

ငလျင်ကြောင့် လျှပ်စစ်မီးပြတ်တောက်ပါက အအေးခန်းစနစ်များ ရပ်တန့်သွားနိုင်ပြီး သိုလှောင်ထားသောငါးများ လျင်မြန်စွာ ပျက်စီးနိုင်သည်။ အထူးသဖြင့် စိုထိုင်းဆမြင့်တက်ခြင်း၊ မှိုပေါက်ခြင်းနှင့် ဗက်တီးရီးယား ပေါက်ပွားမှုတို့ကြောင့် ငါးများ လုံခြုံမှုမရှိတော့ပါ။ သိုလှောင်ရုံများတွင် ရေကြောင့် ပျက်စီးမှုကို ကာကွယ်ရန်လိုအပ်ကြောင်း ဖော်ပြထားသည့်အတိုင်း ငလျင်နှင့်အတူ ရေပိုက်များ ကျိုးခြင်းကြောင့် ထပ်ဆင့်ပြဿနာများ ဖြစ်ပေါ်နိုင်သည်။

စာမျက်နှာ ၁၅ သို့ ❖

# မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော် ၁၀၂၇၆ ပါးအား ဆွမ်းလောင်းလှူပွဲ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီး၌ ကျင်းပ

မန္တလေး မေ ၁၁

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ၁၃၈၇ ခုနှစ် ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့)၌ မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော် ၁၀၂၇၆ ပါးအား ဆွမ်းဆန်တော်၊ ဆီ၊ ကြက်သွန်နီ၊ ကုလားပဲ၊ နဝကမ္မဝတ္ထုငွေ၊ လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲနှင့် ရေစက်ချမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ မဟာဓမ္မိကာရာမတိုက် ရတနာပုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒ အမှူးပြုသော ဆရာတော်၊ သံဃာတော် ၁၀၈ ပါး တက်ရောက်ချီးမြှင့်ပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်ကြီးများထံ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများက လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်တိုက်သစ် ဓမ္မဂါရဝကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသထံမှ အနုမောဒနာတရား နာယူကြည်ညို၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့သည်။ ထို့နောက် ဘုရားအမှူးပြုပြီး ဆရာတော်၊ သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လောင်းလှူကြသည်။

ယနေ့အခမ်းအနားတွင် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော်များကိုယ်စား ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အမှူးပြုပြီး ဆရာတော်၊ သံဃာတော် ၁၀၈ ပါးအား ပင့်ဖိတ်၍ ဆရာတော်၊ သံဃာတော် ၁၀၇၂၆ ပါးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ကြက်သွန်နီ၊ ကုလားပဲ အစရှိသည့် လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ စုစုပေါင်း ငွေကျပ် ၂၇၇၅ သိန်းကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရွှေတိဂုံစေတီတော်ရင်ပြင်၌ မွန်လူငယ်မောင်မယ်များ ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၁

မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) ဦးဆောင်မှုဖြင့် မွန်ရိုးရာ ကဆုန်ညောင်ရေသွန်းလောင်းပွဲကို ယနေ့ ကဆုန်လပြည့်နေ့ ညနေက ရွှေတိဂုံစေတီတော်ရင်ပြင်၌ ကျင်းပသည် ။

ဦးစွာ မွန်ရိုးရာဝတ်စုံပြည့်ဝတ်ဆင်ထားသည့် မွန်လူငယ်မောင်မယ် ၂၅၀ တို့သည် နံ့သာရည်နှင့် သပြေခက်ပါသော ညောင်ရေအိုးကိုယ်စီဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်ကြသည်။

ထို့နောက် စေတီတော်မြတ်ကြီး၏ အရှေ့တောင်ထောင့်အရပ်ရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။ ညောင်ရေသွန်းလောင်းပူဇော်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၅ မြို့နယ်မှ မွန်ရပ်မိရပ်ဖနှင့် လူငယ်မောင်မယ်များ ပါဝင်ကြပြီး ညောင်ရေသွန်းလောင်းပွဲ မကျင်းပမီ ဘုရားဖူးလာပြည်သူများအား အချိုရည်များ တိုက်ကျွေးကြကြောင်း သိရသည်။ **မျိုးမင်းသူရ**



❖ စာမျက်နှာ ၁၄ မှ

### သယ်ယူပို့ဆောင်ရေးနှင့် ဈေးကွက်သို့ ရောက်ရှိမှုနှောင့်နှေးခြင်း

ငလျင်ကြောင့် လမ်းများ၊ တံတားများ ပျက်စီးပါက ငါးထုတ်ကုန်များ ဈေးကွက်သို့ အချိန်မီမရောက်ရှိနိုင်ဘဲ ပျက်စီးနိုင်သည်။ ထို့ပြင် ဆိပ်ကမ်းများပျက်စီးပါက နိုင်ငံတကာသို့ တင်ပို့မှုများနှောင့်နှေးနိုင်ပါသည်။

### စီးပွားရေးဆုံးရှုံးမှုနှင့် ပြန်လည်ပြုပြင်ရန် ကုန်ကျစရိတ်

ငလျင်ဒဏ်ကြောင့် စက်ရုံပျက်စီးခြင်း၊ ထုတ်လုပ်မှုရပ်ဆိုင်းခြင်းနှင့် ပြန်လည်ပြုပြင်ရသော ကုန်ကျစရိတ်များသည် စီးပွားရေးကို ပိုမိုဆိုးရွားစေသည်။

### လုပ်သားများ၏ ဘေးအန္တရာယ်နှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု

ငလျင်လှုပ်ပါက စက်ရုံအတွင်း လုပ်သားများ ဒဏ်ရာရခြင်း သို့မဟုတ် အသက်ဆုံးရှုံးနိုင်သည်။ ထို့ပြင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကြောင့် ထုတ်လုပ်မှုစွမ်းဆောင်ရည်ကျဆင်းနိုင်သည်။ ဥပမာအနေဖြင့် ငလျင်ကြောင့် လုပ်သားများထိခိုက်မှုနှင့် စက်ရုံလည်ပတ်မှုနှေးကွေးနိုင်ကြောင်း သိရပါသည်။

### ကာကွယ်ရေးနည်းလမ်းများ

**ငလျင်ဒဏ်ခံ အဆောက်အအုံဒီဇိုင်း။** ပြတ်ရွေ့ကြောများနှင့်ဝေးရာတွင် စက်ရုံထားရှိခြင်းနှင့် ငလျင်လှုပ်ခြင်းကို ခံနိုင်ရည်ရှိသော ပစ္စည်းများဖြင့် တည်ဆောက်ရပါမည်။

**အရန်စွမ်းအင်စနစ်။** မီးစက်များ သို့မဟုတ် ဘက်ထရီသိုလှောင်မှုစနစ်များ တပ်ဆင်ထားခြင်းဖြင့် အအေးခန်းစနစ် မပျက်စီးစေရန် ကာကွယ်ရပါမည်။

**လုပ်သားလေ့ကျင့်မှု။** ငလျင်ဘေးအတွက် အရေးပေါ်တုံ့ပြန်မှု လုပ်ငန်းစဉ်များကို ပုံမှန်လေ့ကျင့်ပေးရပါမည်။

**အာမခံနှင့် ကြိုတင်ပြင်ဆင်မှု။** ရေပိုက်လိုင်းများကို ပုံမှန်စစ်ဆေးခြင်းနှင့် မှိုတက်ခြင်းကို ကာကွယ်ရန် စိုထိုင်းဆထိန်းစနစ်များ တပ်ဆင်ပေးရမည်။



၎င်းနည်းလမ်းများကို အသုံးပြုခြင်းဖြင့် ငလျင်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးမှုများကို လျှော့ချနိုင်မည်ဖြစ်ပါသည်။

မြေငလျင်လှုပ်ခတ်မှု ဖြစ်စဉ်တွင် ငါးအအေးခန်းစက်ရုံ၊ ငါးကုန်ချောထုတ်လုပ်သည့် စက်ရုံများနှင့် ငါးမွေးမြူရေးလုပ်ငန်းများအတွက် ပြန်လည်ထူထောင်ရေး အစီအစဉ်ထားရှိရန် အရေးကြီးပါသည်။ ချောမွေ့သော ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို သေချာစေရန် ကူညီပေးနိုင်သည့် အဆင့်အချို့မှာ–

**ပျက်စီးဆုံးရှုံးမှုကို အကဲဖြတ်ခြင်း။** ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်၏ ပထမအဆင့်မှာ ငလျင်ကြောင့်ပျက်စီးမှုအတိုင်းအတာကို အကဲဖြတ်ရန် ဖြစ်သည်။ ယင်းသည် အဆောက်အအုံများကို ပြုပြင်ရန်နှင့် ပြန်လည်ထူထောင်ရန် လိုအပ်သော အရင်းအမြစ်များကို ဆုံးဖြတ်ရန် ကူညီပေးပါမည်။

**အရေးကြီးသော လုပ်ငန်းဆောင်တာများကို ဦးစားပေးလုပ်ဆောင်ပါ။** လိုအပ်သော အရေးကြီးသော လုပ်ငန်းဆောင်တာများကို ခွဲခြားသတ်မှတ်ပြီး ၎င်းတို့၏ ပြန်လည်ထူထောင်ရေးကို ဦးစားပေးလုပ်ဆောင်ပါ။ ထိုသို့ ပြုလုပ်ခြင်းဖြင့် အရေးကြီးဆုံးလုပ်ဆောင်ချက်များကို တတ်နိုင်သမျှ လုပ်ငန်းလည်ပတ်ရန်အတွက် မြန်မြန်ပြန်လည်ရရှိစေရန် ကူညီပေးပါမည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရေးဆွဲပါ။** အဆောက်အအုံများကို ပြုပြင်ရန်နှင့် ပြန်လည်ရယူရန် လိုအပ်သည့်အဆင့်များကို အကြမ်းဖျင်း ဖော်ပြသည့် အသေးစိတ်ပြန်လည်ထူထောင်ရေး အစီအစဉ်ကိုရေးဆွဲပါ။ ၎င်းအစီအစဉ်တွင် လိုအပ်သော အချိန်ဇယား၊ ဘတ်ဂျက်နှင့် အရင်းအမြစ်များ ပါဝင်သင့်ပါသည်။

**ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ညှိနှိုင်းပါ ။** ပြုပြင်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများအတွက် လိုအပ်သော ခွင့်ပြုမိန့်များနှင့် ခွင့်ပြုချက်များကိုရရှိကြောင်းသေချာစေရန် ဒေသအာဏာပိုင်များနှင့် ညှိနှိုင်းရပါမည်။

**အရည်အချင်းပြည့်မီသော ဝန်ထမ်းများကို ငှားရမ်းခြင်း။** ပြန်ပြင်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် အရည်အချင်းပြည့်မီသောဝန်ထမ်းများကို ငှားရမ်းပါ။ ယင်းတွင် အင်ဂျင်နီယာများ၊ ဆောက်လုပ်ရေးလုပ်သားများနှင့် အခြားအထူးပြုပုဂ္ဂိုလ်များ ပါဝင်နိုင်သည်။

**တိုးတက်မှုကို စောင့်ကြည့်ပါ။** ပုံမှန်စောင့်ကြည့်ပါ။ အချိန်ဇယားနှင့် ဘတ်ဂျက်ကိုက်ညီကြောင်း သေချာစေရန် စနစ်တကျ စောင့်ကြည့်လေ့လာသင့်ပါသည်။

**သက်ဆိုင်သူများနှင့် ဆက်သွယ်ပါ။** ပြန်လည်ထူထောင်ရေးအစီအစဉ်၏ တိုးတက်မှုနှင့် အချိန်ဇယား သို့မဟုတ် ဘတ်ဂျက်ဆိုင်ရာပြောင်းလဲမှု မှန်သမျှကို သက်ဆိုင်သူများထံ အသိပေးထားပါ။

၎င်းအဆင့်များကို လိုက်နာခြင်းဖြင့် ငါးလုပ်ငန်းစက်ရုံများနှင့် ငါးမွေးမြူရေးလုပ်ငန်းသည် ငလျင်ဒဏ်မှ ပြန်လည်ကောင်းမွန်လာပြီး လုပ်ငန်းများ အမြန်ဆုံး ပြန်လည်စတင်နိုင်မည်ဖြစ်သည်။

ငလျင်လှုပ်ပြီးနောက် တွေ့ကြုံရသော ပျက်စီးဆုံးရှုံးမှုများကို အချိန်မီပြင်ဆင်နိုင်ရေးနှင့် ထပ်မံဖြစ်ပွားပါက ငလျင်ဒဏ်ခံနိုင်ရည်ရှိပြီး ဆုံးရှုံးမှုနည်းပါးစေရေးအတွက် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ကျွမ်းကျင်ပညာရှင်များ၏ ကြီးကြပ်မှုဖြင့် တည်ဆောက်ပြုပြင်သွားရပါမည်။ သဘာဝဘေးအန္တရာယ်များကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ကြံ့ကြံ့ခံ တွန်းလှန်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ နှစ်(၇၀၀)ပြည့် အားကစားကွင်းနှင့် အထက(၁)ရှိ ငလျင်ဘေးသင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းသို့ သွားရောက်ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အင်းဝတံတားအား မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း(MEC)မှ တာဝန်ယူဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မေ ၁၁

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေး အဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေး အသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက်ရှိ စစ်ကိုင်းပညာရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော Grade-12 ပြန်လည်ဖြေဆိုမည့် စခန်းသွင်းလေ့ကျင့်သင်ကြားနေသော ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ နေထိုင်စားသောက်ရေးနှင့် အခက်အခဲမရှိ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံက အဖွင့်အမှာစကားပြောကြားကာ တာဝန်ရှိသူအသီးသီးက ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ တောင်ဖီလာတောင်ရှိ ပတ္တမြားစေတီ၌ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးလျက်ရှိသော ပတ္တမြားစေတီနှင့် သာသနိကအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀)ပြည့် အားကစားခန်းမ၌ စစ်ကိုင်းမြို့ရှိ ရပ်ကွက် ခြောက်ရပ်ကွက်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနက ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ သေဆုံး/ဒဏ်ရာရ မိသားစုဝင်များအတွက် ထောက်ပံ့ငွေကျပ် သိန်း ၄၇၃၇၅၀၀၀၀ နှင့် အာဆီယံလူသားချင်း စာနာထောက်ထားမှု ကူညီရေး ညှိနှိုင်းမှုဗဟိုဌာန(AHA Center)မှ မီးဖိုချောင်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။ ၎င်းနောက် နှစ်(၇၀၀)ပြည့် အားကစားကွင်း ငလျင်ဒဏ်သင့် ပြည်သူများ စောင့်ရှောက်ရေးစခန်းရှိ ပြည်သူများအား ကြည့်ရှုအားပေးခဲ့ပြီး တန်ဖိုးသင့်လူနေအိမ် နမူနာပုံစံဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ငလျင်ဒဏ်သင့် ပြည်သူများ စောင့်ရှောက်ရေး စခန်း၌ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေးတို့ကို စခန်းရှိတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အင်းဝတံတားသို့ သွားရောက်၍ ယာယီရှင်းလင်းဆောင်တည်ဆောက်နေမှု အခြေအနေများကို လည်းကောင်း၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC)မှ တာဝန်ယူဆောင်ရွက်နေသော ခုံးအမှတ် ၄/၅ တွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းခွင်၌ တံတား၏ ဘယ်/ညာ ကားလမ်းရှိ ဖြတ်တောက်ထားရှိသော ကျောက်ပြားများ၊ လက်ရန်းသံပေါင်ဖြတ်စများကို ကမ်းပါးပေါ်သို့ ဝန်ချီစက်ဖြင့် သယ်ယူရွှေ့ပြောင်းနေမှု အခြေအနေများကို လည်းကောင်း၊ ဝန်ချီစက်တင်သင်္ဘောများ လုပ်ငန်းနေရာ ရွှေ့ပြောင်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှု၍ လုပ်ငန်းများဆောင်ရွက်စဉ် လုံခြုံမှုရှိစေရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး လုပ်ငန်းစဉ်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် တာဝန်ရှိသူများအား တံတားအပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းပြီးစီးမှုများကို နေ့စဉ်မှတ်တမ်းတင်ထားရှိရန် ပြောကြားခဲ့ပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ မဟာအောင်မြေမြို့နယ် သံလျက်မှော်အနောက် ရပ်ကွက် အကွက်အမှတ်(၄၀၂)ရှိ ရွှေဘိုကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသအား ဖူးမြော်ကြည်ညို၍ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် အဆိုပါကျောင်းတိုက်အတွင်း ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းတွင် ငလျင်ဘေးသင့်ပြည်သူ အိမ်ထောင်စု ၈၉ စုစာအတွက် ဆန်၊ ဆီ၊ ကုလားပဲ စသည့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ငလျင်ဒဏ်သင့်ပြည်သူများက လက်ခံရယူသည်။

ထို့နောက် ငလျင်ဘေးသင့်ပြည်သူများအတွက် သောက်သုံးရေရရှိအောင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား ကူးစက်ရောဂါများ မဖြစ်ပွားစေရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းစေရေး စီစဉ်ဆောင်ရွက်ထားရှိရန် မှာကြားပြီး ငလျင်ဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားခဲ့သည်။

ယင်းနောက် အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ ပန်းစုံကျောင်းတိုက် အတွင်း ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများယာယီကယ်ဆယ်ရေး စခန်းသို့သွားရောက်၍ ငလျင်ဘေးသင့်ပြည်သူများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားသည်။ ယင်းနောက် ငလျင်ဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၇၅ စုစာအတွက် ဆန်၊ ဆီ၊ ကုလားပဲစသည့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ငလျင်ဒဏ်သင့် ပြည်သူများက လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ တာဝန်ရှိသူများအား အချိန်အခါမဟုတ် မိုးများရွာသွန်းနေခြင်းကြောင့် ဖျားနာရောဂါများ၊ ဝမ်းရောဂါကဲ့သို့သော ကူးစက်ရောဂါများ မဖြစ်ပွားစေရေး၊ အမှိုက်များအား စွန့်ပစ်ကန်ဖြင့် စနစ်တကျ စွန့်ပစ်နိုင်စေရေး၊ ယာယီနေထိုင်သူများကို စနစ်တကျ မှတ်တမ်းပြုစုထားရှိစေရေးတို့အား မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရားသို့သွားရောက်၍ ဌာပနာပစ္စည်းများကို သမိုင်းဝင်အောင်မြေ ရွှေကြက်ကျဆုတောင်းပြည့် ရုပ်ပွားတော်မြတ်ကြီး၏ ဌာပနာတိုက်အတွင်းသို့ သွင်းလှူပူဇော်ခဲ့ပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို ရှေးမူမပျက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မန္တလေးမြို့ မန္တလေးတောင်တော် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မွန်းတည့်သိမ်ဘုရား ပြုပြင်နေမှု အခြေအနေများကို လည်းကောင်း၊ စန္ဒာမုခိဘုရား ပြုပြင်နေမှု အခြေအနေများကို လည်းကောင်း၊ ဆုတောင်းပြည့် ဘုရားရင်ပြင်တော်ရှိ ဂန္ဓကုဋိတိုက်ပြုပြင်နေမှု၊ အမိုးခုံးတိုင်များ ပြုပြင်နေမှု၊ ဓာတ်လှေကား၊ စက်လှေကားများ ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် ကျောက်ဆည်မြို့နယ် မြန်မာသံတော်မြတ် ကုမ္ပဏီလီမိတက် အုတ်စက်ရုံတွင် ကျောက်မီးသွေးမှုန့်တို့ဖြင့် ရောစပ်ထုတ်လုပ်ထားသော အရည်အသွေးကောင်းမွန်သော အဆင့်မြင့်အုတ်များ ထုတ်လုပ်နေမှု၊ စက်ရုံလည်ပတ်နေမှုအခြေအနေများကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ပြီး စက်ရုံအတွင်းရှိ ကျောက်မီးသွေးမှုန့် ကုန်ကြမ်းများမှတစ်ဆင့် အရည်အသွေးမြင့် အုတ်များ ထွက်ရှိလာမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ငလျင်ဘေးဒဏ်သင့်ဒေသများသို့ စက်ရုံမှထွက်ရှိသော အုတ်များအား ဦးစားပေးစနစ်ဖြင့် ရောင်းချပေးနိုင်ရေး၊ အရည်အသွေးမကျဆင်းစေရေးနှင့် အုတ်များတိုးမြှင့်ထုတ်လုပ်နိုင်ရေးတို့အား မှာကြားခဲ့ပြီး တာဝန်ရှိသူများက တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် ဖျောက်ဆိပ်ပင်ကျေးရွာအုပ်စုရှိ သုခိစံကုမ္ပဏီ ကျောက်မီးသွေးတွင်း၌ ကျောက်မီးသွေးများ စုပုံထားရှိမှု အခြေအနေများနှင့် ဘိလပ်မြေစက်ရုံများသို့ကျောက်မီးသွေးကုန်ကြမ်းများ ပေးသွင်းနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဘိလပ်မြေစက်ရုံများ လည်ပတ်နိုင်ရေးအတွက် လိုအပ်သော ကျောက်မီးသွေး ကုန်ကြမ်းများအား စက်ရုံများသို့ပေးသွင်းရာတွင် အရည်အသွေးပြည့်မီစွာ ပေးသွင်းနိုင်ရေး၊ ဘိလပ်မြေစက်ရုံများ လည်ပတ်ရန်အတွက် **စာမျက်နှာ ၁၇ သို့ »»»**

# တန်ခိုးကြီးသဗ္ဗညုပုထိုးတော်ကြီး(ရန်ကုန်)၏ ရွှေထီးတော်တင်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ



ရန်ကုန် မေ ၁၁

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်-၅ ရပ်ကွက် ကျောက်ရေတွင်း(တောင်ပိုင်း) သုခလမ်းရှိ အဘွားလေးဒေါ်ခမွေသီ တည်ထားကိုးကွယ်တော်မူခဲ့သော တန်ခိုးကြီးသဗ္ဗညုပုထိုးတော်ကြီး(ရန်ကုန်)၏ ရွှေထီးတော်တင်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ သဗ္ဗညုပုထိုးတော်ကြီး(ရန်ကုန်) ပရိဝုဏ်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသ(ရွှေဘို) အမှူးပြုသည့် ဆရာတော်ကြီးများ၊ ပင့်သံဃာတော်များ၊ အဘွားလေးဒေါ်ခမွေသီနှင့် သီလရှင်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်နှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်များကို သံဃာတော်များထံ ဆက်ကပ်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားတော်မူသော မေတ္တာသုတ် ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်များကို သဗ္ဗညုပုထိုးတော်ကြီး(ရန်ကုန်)၏ ပရိဝုဏ်ရင်ပြင်သို့ လက်ယာရစ် ကြဲဖြန့်ချည်နှောင်ပေးကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများထံ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ အဘွားလေးဒေါ်ခမွေသီနှင့် ဘုရားဒါယကာများ၊ ဒါယိကာမများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသ(ရွှေဘို)က အနုမောဒနာတရားချီးမြှင့်၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့အား သဗ္ဗညုပုထိုးတော်ကြီး(ရန်ကုန်) အထွတ်၌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် အလှူရှင်များက တင်လှူပူဇော်ကြပြီး ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်အရှင်သူမြတ်များက ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

»»» စာမျက်နှာ ၁၆ မှ

လိုအပ်ချက်များအတိုင်း အလျဉ်မီစွာပေးသွင်းနိုင်အောင် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန်နှင့် မီးဘေးလုံခြုံမှု စနစ်တကျရှိစေရန် မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကူမဲမြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသောပြည်သူများ၏အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရန် အတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ် အထူးဈေးနှုန်းဖြင့် အမှန်တကယ် လိုအပ်လျက်ရှိသော ငလျင်ဘေးဒဏ်သင့်ပြည်သူများ၏ လက်ဝယ်သို့ စနစ်တကျ တိုက်ရိုက်ရောင်းချပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် နားလည်တတ်ကျွမ်းသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ငလျင်ဒဏ်အင်အား ရစ်(ခ်)တာစကေးအဆင့် (၈)အထိ ခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်သွားရန် လိုအပ်ကြောင်း မှာကြားခဲ့ပြီး မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြစ်သားမြို့နယ် ပေါက်မြိုင် ကျေးရွာအုပ်စုရှိ Mandalay Rising Star ကုမ္ပဏီလီမိတက်၊ MRS အုတ်စက်ရုံသို့ သွားရောက်၍ အုတ်များထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ငလျင်ဘေးဒဏ်သင့်ဒေသများသို့ စက်ရုံမှ ထွက်ရှိသော အုတ်များအား ဦးစားပေးစနစ်ဖြင့် ရောင်းချပေးနိုင်ရေး၊ အရည်အသွေးကောင်းမွန်စေရေးနှင့် အုတ်များတိုးမြှင့်ထုတ်လုပ်နိုင်ရေးတို့ကို မှာကြားခဲ့ပြီး တာဝန်ရှိသူများက တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၅-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၂၅ | ၂၉၁၅ | ၂၉၀၅ | ၂၈၄၀ | ၂၉၄၅ | ၂၉၆၀ | ၂၉၇၅ | ၂၈၉၅ | ၄၅၀၅ | ၃၁၉၀ | ၂၉၁၀ | ၂၉၁၅ | ၂၉၈၅ | ၂၉၅၀ | ၂၉၇၀ | ၃၂၂၅ |
| 95 Ron | ၂၈၈၅ | ၂၉၉၅ | ၂၉၆၅ | ၂၉၀၀ | ၃၀၀၅ | ၃၀၂၀ | ၃၀၃၅ | ၂၉၅၅ | ၄၅၆၀ | ၃၂၄၅ | ၂၉၇၀ | ၂၉၇၅ | ၃၀၄၅ | ၃၀၀၅ | ၃၀၃၀ | ၃၂၈၅ |
| HSD (500 ppm) | ၂၄၁၅ | ၂၅၂၅ | ၂၄၉၅ | ၂၄၃၀ | ၂၅၃၅ | ၂၅၅၀ | ၂၅၆၅ | ၂၄၈၅ | - | ၂၇၈၀ | ၂၅၀၀ | ၂၅၀၅ | ၂၅၇၅ | ၂၅၄၀ | ၂၅၆၀ | ၂၈၁၅ |
| HSD (50 ppm) | ၂၉၈၀ | ၃၀၉၅ | ၃၀၆၀ | ၂၉၉၅ | ၃၁၀၀ | ၃၁၁၅ | ၃၁၃၀ | ၃၀၅၀ | ၄၈၃၀ | ၃၃၄၅ | ၃၀၇၀ | ၃၀၇၀ | ၃၁၄၀ | ၃၁၀၅ | ၃၁၂၅ | ၃၃၈၅ |
| HSD (10 ppm) | ၂၉၈၀ | ၃၀၉၅ | ၃၀၆၀ | ၂၉၉၅ | ၃၁၀၀ | ၃၁၁၅ | ၃၁၃၀ | ၃၀၅၀ | - | ၃၃၄၅ | ၃၀၇၀ | ၃၀၇၀ | ၃၁၄၀ | ၃၁၀၅ | ၃၁၂၅ | ၃၃၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၆၀ | ၂၇၄၇ |
| 95 Ron | ၂၇၁၇ | ၂၈၀၅ |
| HSD (500 ppm) | ၂၂၆၂ | ၂၃၃၇ |
| HSD (50 ppm) | ၂၈၁၁ | ၂၈၉၇ |
| HSD (10 ppm) | ၂၈၁၁ | ၂၈၉၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၆၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ ဈေးနှုန်းများ ဆက်တိုက်ကျဆင်းလျက်ရှိ

နေပြည်တော် မေ ၁၁

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေ ၁၂ ရက်မှ ၁၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၆၂၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီမှ အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်းသိရသည်။ စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှ မြန်မာနိုင်ငံသို့ CIF စနစ်အရ တင်သွင်းနေသည့် စားအုန်းဆီ တစ်တန်ဈေးနှုန်းမှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဆက်တိုက်ကျဆင်းလာခဲ့ရာ ပြည်တွင်း တစ်ပိဿာ လက်ကားရည်ညွှန်းဈေးနှုန်းမှာလည်း အဆိုပါ လေးလတာကာလအတွင်း ငွေကျပ် ၆၆၀ ကျဆင်းလာကြောင်း သိရသည်။

သတင်းစဉ်

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



## လျှော်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေ ပဒေသာကပွဲ ဖျော်ဖြေမှုဒုတိယနေ့ ကြည့်ရှုအားပေးသူများဖြင့် စည်ကား

ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့ရသည့် မန္တလေးငလျင်ကြောင့် ငလျင်ဘေးဒဏ်သင့် ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေ ပဒေသာကပွဲ ဖျော်ဖြေမှု ဒုတိယနေ့ အစီအစဉ်အဖြစ် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံကြီးတွင် ယနေ့ညပိုင်းက ဆက်လက်ဖျော်ဖြေတင်ဆက်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး ကြည့်ရှုအားပေးသူများဖြင့် စည်ကားခဲ့သည်။

မြန်မာနိုင်ငံ ဂီတအစည်းအရုံးက ယနေ့ဖျော်ဖြေတင်ဆက်မှုတွင် မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သော ငလျင်လှုပ်ခတ်မှုဖြစ်စဉ် ကူညီကယ်ဆယ်ရေး၊ ထောက်ပံ့ကူညီမှုနှင့် ပြန်လည်ထူထောင်ရေး မှတ်တမ်း ဗီဒီယိုကိုပြသပြီး ထိုဖြစ်စဉ်တွင် ထိခိုက်သေဆုံးခဲ့သူများအား ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဆုတောင်းမေတ္တာပို့သသည်။

ထို့နောက် ငလျင်ဘေးဒဏ်သင့် ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေအဖြစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင် အလှူရှင်များ လှူဒါန်းသော အလှူငွေများအား မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးလွင်မြင့်ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဖျော်ဖြေရေး အစီအစဉ်တွင် Plus Three Band Immortal Band ပူးပေါင်း တင်ဆက်မှုဖြင့် ပူစူးမ၊ ဆိုင်းစံ၊ မီးနို၊ ဘိုဘိုဟန်၊ ခင်မောင်ထူး၊ နွဲ့ယဉ်ဝင်း၊ နီနီခင်ဇော်၊ လွှမ်းပိုင်၊ စိုင်းစိုင်းခမ်းလှိုင်၊ မျိုးကျော့မြိုင်၊ မေခလာ၊ ဟဲလေး၊ အိုင်းရစ်ဇင်မာမြင့်၊ ကိုင်ဇာ၊ စည်သူလွင်၊ ချမ်းမြေ့မောင်ချို၊ ဇော်ပိုင်၊ အယ်လ်ဆိုင်းဇီနှင့် ဝေလတို့က မြူးကြွသွက်လက်သော တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ရာ ကြည့်ရှုအားပေးကြသည့် ပရိသတ်များက တေးသီချင်းနှင့်အတူ စီးမျောလိုက်ပါသီဆိုခြင်းဖြင့် ဂီတဖျော်ဖြေပွဲသည် အထူးစည်ကားခဲ့သည်။

**သတင်းစဉ်**

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ခဲ့သည့် မြန်မာ့တပ်မတော်ကိုယ်စားပြု စစ်ရေးပြအဖွဲ့အား ကြိုဆိုနှုတ်ဆက်

နေပြည်တော် မေ ၁၁

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ရင်ပြင်နီ၌ ၂၀၂၅ ခုနှစ် မေ ၉ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ခဲ့သည့် ဗိုလ်မှူးချုပ် မျိုးဆက်အောင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားပြု စစ်ရေးပြအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့မှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြသည်။

ထိုသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ရင်ပြင်နီ၌ ၂၀၂၅ ခုနှစ် မေ ၉ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ခဲ့ကြသည့် ဗိုလ်မှူးချုပ် မျိုးဆက်အောင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားပြု စစ်ရေးပြအဖွဲ့အား အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ တံတားဦးလေဆိပ်သို့သွားရောက် ကြိုဆို နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■




## ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ စခန်းပေါင်းစုံ စွမ်းရည်ပြိုင်ပွဲများ ပြုလုပ် အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ စခန်းသွင်းလေ့ကျင့်ရန်နှင့် ပြိုင်ပွဲများကျင်းပရန် နေပြည်တော်ကောင်စီနယ်မြေသို့ရောက်ရှိ

နေပြည်တော် မေ ၁၁

တပ်မတော်(ရေ)က ၂၀၂၅ ခုနှစ် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် ရန်ကုန်မြို့ရှိ ဧရာဝတီရေတပ်စခန်းဌာနချုပ်၌ စခန်းပေါင်းစုံ တွေ့ဆုံပွဲပြုလုပ်ကြသည်။

ထို့နောက် စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများ၏ စခန်းပေါင်းစုံ ပြိုင်ပွဲများကို ဧရာဝတီရေတပ်စခန်း ဌာနချုပ် သီဟသူရထွန်းတင်ခန်းမ စစ်ရေးပြကွင်းနှင့် အမှတ်(၄)ရေတပ်ဗောတံတားတို့၌ ပြုလုပ်ရာ တပ်မတော် အရာရှိကြီးများ၊ သင်တန်းသား သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် အုပ်ချုပ်သူများ တက်ရောက်ကြသည်။ ပြိုင်ပွဲတွင် ရေကြောင်းလူငယ် သင်တန်းစခန်း ၁၁ ခုမှ သင်တန်းသား သင်တန်းသူများက သင်တန်းအလိုက် စစ်ရေးပြပြိုင်ပွဲများ၊ ရေတပ်သား ဘာသာရပ်ဆိုင်ရာ ရေး/ဖြေစာမေးပွဲ၊ ကြိုးချည်ကြိုးထိုးလက်တွေ့ပြိုင်ပွဲ၊ ရေတိုင်းခြင်း လက်တွေ့ပြိုင်ပွဲနှင့် ပွဲ့စင်တပ်ဖွဲ့တာဝန်ဖွဲ့စည်းဆောင်ရွက်မှု လက်တွေ့ပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အလားတူ အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၅ ခုတွင် စုစုပေါင်း သင်တန်းသား ၈၀၄ ဦးအား ၂၀၂၅ ခုနှစ် ဧပြီ ၂၂ ရက်မှ စတင်၍ သင်ကြားပို့ချလျက်ရှိရာ နယ်မြေဒေသအသီးသီးရှိ သင်တန်းစခန်း ၁၅ ခုမှ သင်တန်းသား၊ နည်းပြ/အုပ်ချုပ်သူများသည် လေယာဉ်/ရဟတ်ယာဉ်လိုက်ပါ ပျံသန်းရန်၊ ပြိုင်ပွဲများကျင်းပရန်၊ လေ့လာရေးခရီးစဉ်များ ဆောင်ရွက်ရန်နှင့် စုပေါင်းသင်တန်းဆင်းပွဲ ကျင်းပပြုလုပ်ရန်အတွက် နေပြည်တော်ကောင်စီနယ်မြေသို့ တပ်မတော်လေယာဉ်များ၊ တပ်မတော်မော်တော်ယာဉ်များဖြင့် စုံလင်စွာရောက်ရှိခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်ပါပို့ဆောင်ခြင်းနှင့် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသားများ ကြိုးချည်ထိုး လက်တွေ့ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။




အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများမှ သင်တန်းသားများကို တွေ့ရစဉ်။

# ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲတော်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**နေပြည်တော် မေ ၁၁**

ကဆုန်လပြည့်နေ့ဖြစ်သည့် ယနေ့သည် ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ဘဝတွင် ဒီပင်္ကရာမြတ်စွာဘုရားခြေတော်ရင်း၌ နိယတဗျာဒိတ်ပန်း ဆင်မြန်းခဲ့သောနေ့ဖြစ်ခြင်း၊ သိဒ္ဓတ္ထမင်းသားအဖြစ် ဖွားမြင်သောနေ့ဖြစ်ခြင်း၊ မြတ်စွာဘုရားရှင်သည် ဗောဓိဟူသည့် သဗ္ဗညုတဉာဏ်တော်ကိုရရှိပြီး ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသောနေ့ဖြစ်ခြင်းနှင့် မြတ်ဘုရားပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့ ဖြစ်ခြင်း တို့ကြောင့် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အတွက် အလွန်ပင်ထူးခြား မွန်မြတ်သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။

မဟာဗောဓိပင်ဆိုသည်မှာ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသောနေ့တွင် အတူတကွဖြစ်ထွန်းပေါ်ပေါက်ခဲ့သည့် ဖွားဖက်တော်ခုနစ်ပါးထဲတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်သို့ ရောက်ရှိစေရန် များစွာ အထောက်အကူပြုခဲ့သည့်အတွက် မဟာဗောဓိပင်သည် ပရိဘောဂစေတီထိုက်သော စေတီတော်တစ်ဆူလည်းဖြစ်ပါသည်။ ကဆုန်လသည် မြေခတ်တွင် ရေပြတ်လပ်သည့် နွေကာလဖြစ်သည့်အတွက် ဗောဓိပင်တော်များကို ကဆုန်ညောင်ရေသွန်းလောင်းခြင်းသည် မဟာဗောဓိပင်များ စိမ်းလန်းစိုပြည်၍ အခက်အလက်တို့ ဝေဆာစေခြင်း၊ သက်တမ်းရှည်စေခြင်းနှင့် သက်တော်ထင်ရှားရှိသော ဘုရားရှင်အား ပူဇော်ရာရောက်ခြင်းတို့ကြောင့် တည်ငြိမ်အေးချမ်း၍ သာယာဝပြောသော နိုင်ငံအဖြစ် တည်ရှိစေရုံသာမက နိုင်ငံသူ နိုင်ငံသားများအားလုံးကိုလည်း နှလုံးစိတ်ဝမ်းအေးချမ်းစေလျက် တူညီသောအကျိုးတရားများကို ဖြစ်ထွန်းစေမည်ဖြစ်သည်။

ကဆုန်ညောင်ရေသွန်းလောင်းခြင်းသည် ညောင်ပင်များကို ညိုးနွမ်းခြောက်သွေ့ခြင်းမရှိဘဲ ရှင်သန်သကဲ့သို့ ဘုရားရှင်၏ သာသနာတော်သည် ရှင်သန်လျက်ရှိနေမည်သာဖြစ်ပါကြောင်းနှင့် ဗုဒ္ဓမြတ်စွာ ဘုရားရှင်သည် ကဆုန်လပြည့်နေ့တွင် မဟာဗောဓိပင်ကို အမှီပြု၍ သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိတော်မူခဲ့ခြင်းကြောင့် ဗုဒ္ဓဘာသာဝင်များက မြတ်စွာဘုရားရှင်အား ရည်မှန်းအာရုံပြု၍ ကျင်းပလေ့ရှိသည့် မြန်မာ့ရိုးရာ ဆယ့်နှစ်လရာသီပွဲတော်များအနက် "ကဆုန်လပြည့် (ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲတော်" ကို အစဉ်အလာအရ ကျင်းပသည့်ပွဲတော်အဖြစ် သတ်မှတ်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

ထိုသို့ ကဆုန်ညောင်ရေ သွန်းလောင်းပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရားပုထိုးစေတီများ၌ ထုံးတမ်းစဉ်လာများအတိုင်း ယနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများ၊ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြပြီး သတ်မှတ်နေရာများအလိုက် မဟာဗောဓိပင်များအား ညောင်ရေသွန်းလောင်းလှူကြ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ထို့ပြင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ကုသိုလ်ဒါနသီလပွားများခြင်းစသည့် သူတော်ကောင်းတရားများကို အားထုတ်ဆောင်ရွက်ကြသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရားစေတီပုထိုးများ၌လည်း အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





# အနန္တဇိနမဟာဗောဓိ(ဗုဒ္ဓဂယာ)ကပ်ကျော် စေတီတော်၏ စိန်ဖူးတော်တင်လှူပူဇော်ပွဲ၊ ဌာပနာတော်လှူဒါန်းပူဇော်ပွဲ၊ အနေကဇာတင်နှင့် ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲ ကျင်းပ



**ညောင်လေးပင် မေ ၁၁**

ပဲခူးတိုင်း ဒေသကြီး ညောင်လေးပင်မြို့နယ် ထော်နွတ်စံပြကျေးရွာရှိ တိက္ခာရာမ မူလကျောင်းတိုက်တွင် တည်ထားကိုးကွယ်သော အနန္တဇိနမဟာဗောဓိ(ဗုဒ္ဓဂယာ)ကပ်ကျော်စေတီတော်၏စိန်ဖူးတော်တင်လှူပူဇော်၊ ဌာပနာတော် လှူဒါန်းပူဇော်ပွဲ၊ ဘုရားအနေကဇာ တင်ခြင်းနှင့် ပင့်သံဃာ ၁၀၀ ကျော်တို့အား ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲကို အဆိုပါကျောင်းတိုက်ပရိဝုဏ်အတွင်း၌ ယနေ့ (ကဆုန်လပြည့် ဗုဒ္ဓနေ့)တွင် ကျင်းပသည်။

**ဆောင်ရွက်**

အခမ်းအနားတွင် တိက္ခာရာမ မူလကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တက္ကန္ဒာဝုစ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးလှမြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးဇော်မင်းယုနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာသူကျေးရွာသားများ စုပေါင်း၍ ဆင်းတုတော်၊ ဌာပနာတော်များကို ပန်းရထားဖြင့် ပင့်ဆောင်ခြင်း၊ စိန်ဖူးတော် အထွတ် တင်လှူပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်ကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ကြည်ညိုသဒ္ဓါ... ကြည့်ပရိသတ်များက ပင့်သံဃာတော် အပါး ၁၀၀ ကျော်တို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။

**ရန်အောင်ထွန်း(ပိန်းဇလုပ်)**

# ရတနာပုံတက္ကသိုလ်၌ အကြိမ်(၂၀)ပြည့် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပ

**မန္တလေး မေ ၁၁**

၁၃၈၇ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရတနာပုံတက္ကသိုလ်၌ အကြိမ်(၂၀)ပြည့် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို မေ ၁၁ ရက် ညနေ ၅ နာရီက အဆိုပါတက္ကသိုလ်ရှိ ရတနာပုံဆုတောင်းပြည့်မြတ်စွာဘုရားရှိ မဟာဗောဓိညောင်ပင်၌ ကျင်းပခဲ့သည်။

ဦးစွာ ရတနာပုံတက္ကသိုလ်ဓမ္မာရုံတွင် အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး အမရပူရမြို့နယ်သံဃနာယကဥက္ကဋ္ဌ ဓမ္မကထိက ဗဟုဇနဟိတရေ မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဣန္ဒာလောကာလင်္ကာရထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပင့်သံဃာ ၁၁ ပါးနှင့် ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာခင်မော်မော်စိုး၊ ဒေါက်တာမာလာယုအောင်၊ ဒေါက်တာဝင်းနိုင်၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ စီမံရေးရာဌာနများမှ အရာထမ်း၊ အမှုထမ်းများက ရတနာပုံဆုတောင်းပြည့် မြတ်စွာဘုရားရှိ မဟာဗောဓိညောင်ပင်ကို သုံးပတ်လှည့်ကာ ညောင်ရေသွန်းခြင်းမင်္ဂလာ ကျင်းပခဲ့ကြောင်း သိရသည်။

**တင်မောင်-မန်း**

ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်တွင် (၅၄)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲကို မေ ၁၁ ရက် ကဆုန်လပြည့်နေ့တွင် ကျင်းပရာ အများပြည်သူများက ညောင်ရေသွန်းလောင်း ပူဇော်မှုမြင်ကွင်းအား တွေ့ရစဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)



**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ဒုတိယမြောက် စက်မှုတော်လှန်ရေးအတွက် အရင်းခံနည်းပညာ

**နီဇော်သစ်**

ရေနွေးငွေ့အင်ဂျင်သည် အပူစွမ်းအင်ကို ရေနွေးငွေ့တွန်းအားမှတစ်ဆင့် စက်စွမ်းအင်အဖြစ် ပြောင်းလဲပြီး စက်ယန္တရားကြီးများကို လည်ပတ်စေသည်။ စက်မှုတော်လှန်ရေးဆီသို့ ဦးတည်စေပြီး ယနေ့ခေတ်လူတန်းစားအလွှာအသီးသီးကို ပေါ်ထွန်းလာစေသည့် ထိုနည်းပညာကို ယနေ့ခေတ်တွင် မမြင်ရတော့သည်မှာ ယင်းနည်းပညာကို ကျော်လွန်နိုင်သော အခြားနည်းပညာတစ်ခု ပေါ်ထွက်လာခြင်းကြောင့်ဆိုသည်မှာ သေချာသည်။ ယင်းမှာ လျှပ်စစ်နည်းပညာ။ လျှပ်စစ်နည်းပညာသည် ယင်းရှေ့က ရေနွေးငွေ့အင်ဂျင်လို၊ ယင်းနောက်မှ ကွန်ပျူတာနည်းပညာလို စီးပွားရေး ဖွဲ့စည်းတည်ဆောက်ပုံများ၊ လူတို့၏ နေ့စဉ်ဘဝနေထိုင်မှုပုံစံများ၊ လူသားတို့၏ လုပ်ဆောင်နိုင်စွမ်းသဘာဝတို့ကို အခြေခံကျကျ ပြောင်းလဲပေးခဲ့သည့် အထွေထွေသုံးနည်းပညာ တစ်ရပ်ဖြစ်သည်။

လျှပ်စစ်နည်းပညာသည် ရေနွေးငွေ့အင်ဂျင် နည်းပညာထက် ရာစုနှစ်နှစ်ခုလောက် နောက်ကျပြီးမှ ပေါ်ထွက်ခဲ့သော်လည်း လျှပ်စစ်သဘောတရားတို့ကို လေ့လာအားထုတ်မှုမှာ ရေနွေးငွေ့အင်ဂျင်စမ်းသပ်သည်ထက်စောခဲ့သည်။ အင်္ဂလိပ်သိပ္ပံပညာရှင် ဝီလျံ ဂီးလ်ဘတ်က ၁၆၀၀ ပြည့်နှစ်မှာပင် အရာဝတ္ထုနှစ်ခု ပွတ်တိုက်ခြင်းဖြင့် လျှပ်စစ်ထွက်ပေါ်မှုကို တွေ့ရှိထားပြီးဖြစ်သည်။ ယနေ့ခေတ်အခေါ်တည်ငြိမ်လျှပ်စစ်ဖြစ်သည်။ ၎င်းရေးသားသည့် De Magnete စာအုပ်မှာ လျှပ်စစ်သံလိုက်လေ့လာမှုအတွက် အခြေခံအုတ်မြစ်ဟုပင်ဆိုနိုင်သည်။


သို့သော် ဂီးလ်ဘတ်၏ De Magnete မှသည် အမေရိကန်စွယ်စုံကျော်ထင် ဘင်ဂျမင် ဖရန်ကလင်၏ နာမည်ကျော် စွန်စမ်းသပ်ချက်အထိ ရာစုနှစ်တစ်ခုခွဲ ကြာမြင့်ခဲ့သည်။ ဖရန်ကလင်က မိုးကြိုးပစ်နေစဉ် လျှပ်စစ်စီးနိုင်သည့်ကြိုးဖြင့် ချိတ်ထားသောစွန်ကို လွှတ်ခြင်းဖြင့် မိုးကြိုးပစ်ခြင်းသည် သဘာဝလျှပ်စစ်ဖြစ်ကြောင်း သက်သေပြခဲ့ခြင်းဖြစ်သည်။ လျှပ်စစ်စီးနိုင်သည့် နန်းကြိုးသုံးခြင်း၊ ထိုနန်းကြိုးကို ယနေ့ခေတ် လျှပ်သိုပစ္စည်းလိုမျိုး လေဒင်ကရားဟုခေါ်သည့် လျှပ်စစ်ဓာတ်စုဆောင်းနိုင်သည့် ပစ္စည်းတစ်ခုနှင့် ချိတ်ဆက်ထားခြင်းတို့က ထိုရာစုနှစ်တစ်ခုခွဲအတွင်း လျှပ်စစ်နည်းပညာ ဖြည်းဖြည်းချင်းတိုးတက်နေသည်ကို ပြသနေသည်။

အသေးစားတွေ့ရှိတိုးတက်မှုများကို ကျော်လွှားလိုက်လျှင် ရာစုနှစ်တစ်ဝက်ကြာပြီးနောက် အီတာလျံ ဓာတုရူပ သိပ္ပံဆရာ အလက်ဇန်ဒရို ဗိုလ်တာက ဗိုလ်တားအစ် ပိုင်းလ်ဟုခေါ်သော ပထမဆုံးဓာတ်ခဲကို တီထွင်ခဲ့ခြင်းသည် ကြီးမားသောတိုးတက်မှုဖြစ်သည်။ ထို့ကြောင့် လျှပ်စစ်စက်ကွင်း၏ ယူနစ်ကို ယနေ့တိုင် ဗို့ဟု ၎င်းအားကိုဂုဏ်ပြုသုံးစွဲနေခြင်းပင်ဖြစ်သည်။ နှစ် ၂၀ ဝန်းကျင်ကြာပြီးနောက် ဒိန်းမတ်လူမျိုး ဓာတုရူပသိပ္ပံဆရာ ဟန်စ် ခရစ်ရှန် အောစတက်က လျှပ်စစ်နှင့် သံလိုက်ဆက်စပ်မှုကို သိပ္ပံနည်းကျ ချပြခဲ့သည်။ ယင်းမတိုင်ခင်က လျှပ်စစ်နှင့် သံလိုက်တို့ ဆက်စပ်နေသည်ကို သိကြသော်လည်း ထိုသို့ ရှင်းလင်းပြနိုင်ခြင်းမရှိခဲ့ပေ။ ယင်းမှာ လျှပ်စစ်သံလိုက်ပညာ ပေါ်ထွက်လာစေခဲ့သည်။

၁၈၂၁ ခုနှစ်တွင်မူ အင်္ဂလိပ် ဓာတုရူပ သိပ္ပံဆရာ မိုက်ကယ်ဖာရာဒေးက သမိုင်းတွင်မည့်တီထွင်မှုတစ်ခု ပြုလုပ်ခဲ့သည်။ ယင်းမှာ လျှပ်စစ်မော်တာ။ ရိုးရှင်းသော်လည်း လက်တွေ့အသုံးပြုနိုင်သည့် လျှပ်စစ်မော်တာသည် ရေနွေးငွေ့သုံးအင်ဂျင်များကို အစားထိုးနိုင်မည့် နည်းပညာလှိုင်းတစ်ခုဖြစ်လာရန် ဂယက်လေးတစ်ခု စတင်လိုက်ခြင်းဖြစ်သည်။ ထိုနှစ်ပိုင်းမှာပင် ဖာရာဒေးသည် လျှပ်စစ်သံလိုက်ညှို့ခြင်းသဘောတရားကိုတွေ့ရှိခဲ့ပြီး ယင်းမှာ ယနေ့ခေတ် မီးစက်များ၊ ထရန်စဖော်မာများ၏ နောက်ကွယ်မှ သဘောတရားဖြစ်သည်။ ထို့ကြောင့် လျှပ်ညှို့ယူနစ် ဖဲရက်ဒ်ကို ၎င်းအားဂုဏ်ပြုကာ ပေးထားခြင်းဖြစ်သည်။ ၁၈၃၁ ခုနှစ်တွင် ဖာရာဒေးသည် ဒိုင်နမိုကို တီထွင်ခဲ့သည်။ ဒိုင်နမို၏အသုံးဝင်ပုံမှာ အထူးပြောစရာပင်လိုမည်မထင်။

လျှပ်စစ်နည်းပညာ၏ ပထမဆုံးလက်တွေ့အသုံးချမှုမှာ ကြေးနန်းစနစ်ဟု ဆိုနိုင်သည်။ ၁၈၄၄ ခုနှစ်တွင် ဆင်မြူရယ်မော့ဆက်က "What hath God wrought" ဆိုသည့်စာသားကို ကြေးနန်းကြိုးတစ်လျှောက် ဝါရှင်တန်ဒီစီမှ ဘာလ်တီမိုးသို့ ပေးပို့ခဲ့ခြင်းသည် ပထမဆုံးကြေးနန်းရိုက်ခြင်းဖြစ်သည်။ ၁၈၅၀ ပြည့်လွန်နှစ်များနှင့် ၁၈၆၀ ပြည့်လွန်နှစ်များအတွင်း ကြေးနန်းစနစ်သည် ကမ္ဘာတစ်ဝန်းသို့ ပျံ့နှံ့သွားခဲ့ရာ ပထမဆုံးလျှပ်စစ်နည်းပညာသုံး ဆက်သွယ်ရေး ကွန်ရက်ကြီးဖြစ်တည်လာခဲ့သည်။ ၁၈၆၀ ပြည့်လွန်နှစ်များအတွင်းမှာပင် ကာဗွန်ချောင်းဖြင့် မီးထွန်းသည့် မီးတိုင်များသည် ဥရောပနှင့် အမေရိကရှိ အဆောက်အအုံကြီးများ၊ လမ်းများတွင် ထွန်းလင်းလာသည်။

၁၈၇၉ ခုနှစ်တွင် သောမတ်စ်အက်ဒီဆင်က ပထမဆုံး လျှပ်စစ်မီးသီးကို တီထွင်လိုက်သည်။ ၎င်းသည် မီးသီးကိုတီထွင်ရာတွင် အဦးဆုံးမဟုတ်သော်လည်း ရေရှည်ခံသည့် စီးပွားဖြစ်မီးသီးကို တီထွင်နိုင်ခဲ့ခြင်းဖြစ်သည်။ ၁၈၈၀ ပြည့်နှစ်မှ ၁၉၃၀ ပြည့်နှစ်အထိကာလကို လျှပ်စစ်နည်းပညာ ပထမလှိုင်းဟုဆိုနိုင်သည်။ ထိုကာလအတွင်း အက်ဒီဆင်က ဒီစီလျှပ်စီးကြောင်း နည်းပညာဖြင့် စီးပွားဖြစ်မီးပေးရန်ကြိုးစားခဲ့သလို နစ်ကိုးလတ်စ် တက်စလာက ဂျော့ ဝက်စတင်ဟောက်စ်၏ ပံ့ပိုးမှုဖြင့် အေစီလျှပ်စီးကြောင်း နည်းပညာသုံးပြီး စီးပွားဖြစ် မီးပေးရန်ကြိုးစားခဲ့ရာ 'လျှပ်စစ် စစ်ပွဲ'ဟုပင် ခေါ်ရသည့် ပြိုင်ဆိုင်မှုကြီးတစ်ရပ်ဖြစ်ခဲ့သည်။ ၁၈၉၃ ခုနှစ် ချီကာဂိုတွင်ကျင်းပသော ကမ္ဘာ့ကိုလံဘီယာ ကုန်စည်ပြပွဲတွင် တက်စလာ၏ အေစီနည်းပညာက အနိုင်ရသွားခဲ့သည်ဟု ဆိုနိုင်သည်။ သို့သော် ထိုနည်းပညာနှစ်ရပ်လုံးမှာ လျှပ်စစ်လောကကို ယနေ့တိုင်အကျိုးပြုနေဆဲဖြစ်သည်။



နိုင်ရာဂါရာ ရေတံခွန်မှ ပထမဆုံးအေစီလျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးပေးသည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။


ပထမလှိုင်းအတွင်း စက်မှုလုပ်ငန်းများကို လျှပ်စစ်မီးပေးရန်မှာ အဓိက ပြိုင်ဆိုင်မှုဖြစ်ခဲ့သည်။ စက်ရုံများသည် ရေနွေးငွေ့သုံးအင်ဂျင်များအစား လျှပ်စစ်မော်တာများ သုံးလာခြင်းသည် လူသားတို့အတွက် သမိုင်းအချိုးအကွေ့တစ်ခုဆီသို့ ဦးတည်စေခဲ့သည်။ အဓိကမောင်းနှင်သည့် အင်ဂျင်မတူတော့သောကြောင့် စက်ရုံတို့၏ဖွဲ့စည်းပုံတို့ကို ပြောင်းလဲခဲ့ရသော်လည်း လျှပ်စစ်မော်တာများ၏ အားသာချက်များကြောင့် ကုန်ထုတ်လုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာသဖြင့် စက်မှုလုပ်ငန်းရှင်များသည် ထိုအကူးအပြောင်း၌ အားတက်သရောပါဝင်ခဲ့ကြသည်။ သို့သော် လျှပ်စစ်မော်တာအသုံးပြုမှု လုံးဝချောမွေ့သွားသည်အထိ နှစ် ၂၀ မျှ အချိန်ယူခဲ့ကြရသည်။ ယင်းကို ဒုတိယမြောက်စက်မှုတော်လှန်ရေးဟုလည်းခေါ်သည်။

ပထမလှိုင်းအတွင်း ဒုတိယပစ်မှတ်မှာ နေအိမ်များကို လျှပ်စစ်မီးပေးရန်ဖြစ်သည်။ နေအိမ်များကို လျှပ်စစ်မီးပေးနိုင်ခြင်းသည် အိမ်သုံးလျှပ်စစ်ပစ္စည်းမျိုးစုံ ပေါ်ထွက်လာစေသည်။ ယင်းမှာ လူမှုရေးနှင့် ဘဝနေထိုင်မှုပုံစံ အပြောင်းအလဲများကို ဖြစ်လာစေခဲ့သည်။

လျှပ်စစ်နည်းပညာ၏ ဒုတိယလှိုင်းမှာ ဆက်သွယ်ရေးဖြစ်သည်။ ကြေးနန်းစနစ်မှသည် တယ်လီဖုန်း၊ ရေဒီယိုဆက်သွယ်ရေးတို့ ပေါ်ထွက်လာခဲ့ပြီး တိုက်ကြီးများတစ်လျှောက် လူသားတို့၏ ဆက်သွယ်ရေးမှာ ပိုမို မြန်ဆန်ကောင်းမွန်လာသည်။ နောက်ပိုင်းတွင် မိုက်ခရိုပရိုဆက်ဆာများနှင့် ဒီဂျစ်တယ်ကွန်ပျူတာများ ပေါ်လာပြီးနောက် သတင်းအချက်အလက် နည်းပညာခေတ်သို့ ရောက်စေခဲ့သည်။ သတင်းနည်းပညာခေတ်တွင် လျှပ်စစ်သည် စွမ်းအင်အရင်းအမြစ်တစ်ခုသာ မဟုတ်တော့ဘဲ နေ့စဉ်ဘဝ၏ ပင်မကျောရိုးဖြစ်လာခဲ့သည်။ ရူပဗေဒပညာရှင်လည်းဖြစ် အနာဂတ္တိပညာရှင်လည်းဖြစ်သည့် မီချီယို ကာကူးက "လျှပ်စစ်ဟာ ကျွန်တော်တို့ကို ဒုတိယမြောက် စက်မှုတော်လှန်ရေးကို ပေးစွမ်းရုံတင်မဟုတ်ဘူး။ ဒစ်ဂျစ်တယ်ခေတ်ကိုပါ ဆက်စေခဲ့တယ်"ဟု သုံးသပ်ခဲ့သည်။

ယနေ့ခေတ်တွင် လျှပ်စစ်သည် စီးပွားရေး၊ လူမှုရေးတို့အတွက် အသက်သွေးကြောဖြစ်လာပြီ။ ဒေတာစင်တာကြီးများမှ လျှပ်စစ်ကားများအထိ၊ အေအိုင်နည်းပညာမှ ကွမ်တမ်တွက်ချက်မှုနည်းပညာအထိ ခေတ်သစ်ဘဝနေထိုင်မှု၏ ထောင့်တိုင်းတွင် လျှပ်စစ်ရှိနေသည်။ သို့တိုင် ယခု ၂၀၂၅ ခုနှစ် စစ်တမ်းများအရ ကမ္ဘာ့လူဦးရေ သန်း ၈၀၀၀ ဝန်းကျင်အနက် သန်း ၇၀၀ ခန့်သည် လျှပ်စစ်မီးမရရှိဘဲ ရှိနေကြဆဲဖြစ်ကြောင်း သိရသည်။ ယင်းမှာ လျှပ်စစ်ဆိုသည့် အထွေထွေသုံးနည်းပညာသည် လူသားတို့ထံ အပြီးတိုင်မရောက်ရှိသေးဟု ကောက်ချက်ချစရာ ဖြစ်နေသည်။ ။

# အာတိတ်ကို ပိုအေးအောင်လုပ်ပြီး ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ထိန်းသိမ်းရန်ကြိုးစားမည်



ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကို ထိန်းသိမ်းနိုင်ရေးအတွက် ဆိုလျှင် သိပ္ပံပညာရှင်များသည် မည်သည့်နည်းလမ်းဖြင့်ဖြစ်စေ ကြိုးစားရန် အဆင်သင့်ရှိနေကြရာ ကိန်းဘရစ်ချ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များလည်း အပါအဝင်ဖြစ်သည်။ ယခု ကိန်းဘရစ်ချ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက အာတိတ်ဒေသကို ပိုမိုအေးခဲအောင်လုပ်ခြင်းဖြင့် ကမ္ဘာကြီးပူနွေးမှုကို လျှော့ချနိုင်မည့်နည်းလမ်းတစ်ရပ်ကို စဉ်းစားနေကြပြီဖြစ်သည်။ ၎င်းတို့အဖွဲ့က အာတိတ်ရေခဲကျောက်ဆောင်ကြီးများ ဆီသို့ဆောင်းရာသီ တွင်သွားပြီး ရေခဲတောင်ကြီးများပေါ်သို့ပင်လယ်ရေများတင်ပေးခြင်းဖြင့် ရေခဲတောင်ကြီးများ ပိုကြီးလာမလားဆိုသည်ကို စမ်းသပ်ကြတော့မည်ဖြစ်သည်။

ထိုသို့ လူလုပ်နည်းပညာဖြင့် ရေခဲတောင်ကြီးများကို ဆောင်းရာသီအတွင်း ပိုကြီးအောင်လုပ်နိုင်လျှင် နွေရာသီ၌ အရည်ပျော်မှုကို လျှော့ချနိုင်မည်ဟု ယူဆထားကြသည်။ ထို့ကြောင့် ယခုပညာရှင်များက 'မျက်နှာပြင် အေးခဲခြင်း'ဟု ခေါ်သည့် နည်းပညာကိုသုံးပြီး ရေခဲစိုင်ကြီးအောက်မှ ပင်လယ်ရေကို မျက်နှာပြင်ပေါ်သို့တင်ပေးခြင်းဖြင့် ဆောင်းလေနှင့်ထိတွေ့ကာ အေးခဲစေပြီး ရေခဲစိုင်ကြီးများပိုကြီးလာအောင် လုပ်ရန် ရည်မှန်းထားခြင်းဖြစ်သည်။

ထိုနည်းပညာကို ယမန်နှစ်က ကနေဒါနိုင်ငံတွင် ရှေ့ပြေးစမ်းသပ်ခဲ့ရာ ဇန်နဝါရီမှ မေလအတွင်း ရေခဲထု ၅၀ စင်တီမီတာ ပိုထူလာအောင် ရည်မှန်းထားရာ ၂၅ စင်တီမီတာအထိ အောင်မြင်ခဲ့သည်။ Real Ice ဟု အမည်ပေးထားသော ထိုစမ်းသပ်မှုတွင် ပါဝင်ခဲ့သည့် သိပ္ပံပညာရှင် အန်ဒရီယာ စက်ကိုလီနီက "ကျွန်တော်တို့ရဲ့ရည်မှန်းချက်က ဒီနည်းပညာဟာ အာတိတ်ဒေသက ရေခဲကျောက်ဆောင်ကြီးတွေကို ပိုထူလာအောင် ထိထိရောက်ရောက်လုပ်ပေးနိုင်တဲ့အကြောင်း ပြသဖို့ပါ"ဟု ဆိုသည်။

အာတိတ် ရေခဲကျောက်ဆောင်ကြီးများကို ၁၀ ရာခိုင်နှုန်း ပိုထူလာအောင်လုပ်နိုင်လျှင် နွေရာသီ၌ ပျော်ကျသည်ထက် ပိုများသည့် ပမာဏဆောင်ကြဉ်းနိုင်မည်ဟု သိပ္ပံပညာရှင်တို့ကဆိုသည်။ ထိုအဖွဲ့မှာ ယခုအချိန်တွင် ၎င်းတို့ နည်းပညာကိုအသုံးချရန် ရန်ပုံငွေရှာဖွေနေကြဆဲဖြစ်သည်။

Ref: DailyMail

# ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့၌ မဟာဗောဓိပရိဘောဂစေတီတော် နှစ်(၁၀၀)ပြည့် ပူဇော်ပွဲမင်္ဂလာ အခမ်းအနားကျင်းပ

**ပဲခူး မေ ၁၁**

ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့ မဟာဗောဓိစစ်ကိုင်းကျောင်းတိုက်အတွင်း စိုက်ပျိုးပူဇော်တည်ရှိတော်မူသော မဟာဗောဓိပရိဘောဂစေတီတော် နှစ်(၁၀၀)ပြည့် ပူဇော်ပွဲမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**တက်ရောက်ပူဇော်**

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အလှူရှင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ပူဇော်ကြသည်။

ဦးစွာ မဟာဗောဓိပင်တော် ပရိဘောဂစေတီတော်မြတ်ကြီးအား ဆရာတော် ၃၆ ပါးဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အလှူရှင်များက မဟာဗောဓိပင်တော် ပရိဘောဂစေတီတော်မြတ်ကြီးအား ညောင်ရေသွန်းလောင်းပူဇော်ကြရာ ဝတ်အသင်းများက ဆုတောင်းပတ္ထနာသံပေါက်ကဗျာဖြင့် ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် ပဲခူးမြို့ ကြခတ်ဝိုင်းစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥ ယျမမ္ဘာ



ဘိဝံသ ဆရာတော်အရှင်သူမြတ်ထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်သည်။ ဆက်လက်၍ ကြွရောက်လာသည့် နာယကဆရာတော်ကြီး ကိုးပါးအား အလှူရှင်မိသားစုမှ လှူဒါန်းသည့် လှူဖွယ်ဝတ္ထုပစ္စည်းများအား တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြပြီး အင်းတကော်မြို့ မဟာဗောဓိစစ်ကိုင်းကျောင်းတိုက် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဥာဏုတ္တရထံသို့ အလှူရှင်မိသားစုမှ သီးခြားလှူဒါန်းသည့် နဝကမ္မအလှူတော်ငွေများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးက ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ပဲခူးမြို့ ဥဿာသီရိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တသူရိယ ဆရာတော် အရှင်သူမြတ်ထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက ကြွရောက်လာသည့် ဆရာတော် ၁၀၈ ပါးအား အလှူရှင်မိသားစုမှ လှူဒါန်းသည့် သင်္ကန်းအစရှိသော လှူဒါန်းဖွယ်ပစ္စည်းများကို လှူဒါန်းပေးကြပြီး နေ့ဆွမ်းဆက်ကပ်ကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပဲခူးမြို့နယ် အင်းတကော်မြို့ မဟာဗောဓိစစ်ကိုင်းကျောင်းတိုက်အတွင်း စိုက်ပျိုးပူဇော်တည်ရှိတော်မူသော မဟာဗောဓိပရိဘောဂစေတီတော် နှစ်(၁၀၀)ပြည့် ပူဇော်ပွဲမင်္ဂလာအခမ်းအနားတွင် ဒေသခံပြည်သူများအား စတုဒိသာ ထမင်းဟင်းနှင့် အအေးများ ကျွေးမွေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မုံရွာမြို့၌ ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပ

**မုံရွာ မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အရှေ့ဘက်ကန်သာယာကန်၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ ညောင်ရေသွန်းလောင်းပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တာဝန်ရှိသူများနှင့် မြို့နေပြည်သူများ တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဇနီးများက "ဇယောဟိ"စသည့် ဂါထာတော်အား ရွတ်ဆို၍ ညောင်ရေသွန်းလောင်းကြပြီး အရပ်လေးမျက်နှာရှိ နတ်မင်းကြီးများနှင့် ဝတ်ရွတ်အသင်းများက သက်ဆိုင်ရာ ကဗျာအား ရွတ်ဆိုကာ ညောင်ရေသွန်းလောင်းကြပြီး နတ်မင်းကြီးများ၊ ဝတ်ရွတ်အသင်းများနှင့် ဧည့်ပရိသတ်များက "ဇယန္တော" စသော "ဇယမင်္ဂလာ" (၅)ဂါထာတော်တို့အား ရွတ်ဆို၍ ဆုတောင်းပတ္ထနာပြုခြင်းနှင့် ဝတ်ရွတ်အမျိုးသမီးအဖွဲ့ ၉၆ ဦးက "သွန်းကြ သွန်းကြ" ကဗျာအားရွတ်ဆို၍ ဆုတောင်းပတ္ထနာပြုကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဝတ်ရွတ်အသင်းများနှင့် ဧည့်ပရိသတ်များက"ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ကြေးစည်၊ ကြေးမောင်း၊ စည်များတီး၍ ညောင်ရေသွန်းလောင်းပွဲ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြောက်ဥက္ကလာပမြို့နယ် ဆုတောင်းပြည့်မယ်လမုစေတီတော်ကြီး၌ ကဆုန်ညောင်ရေသွန်းလောင်းပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရန်ကုန် မေ ၁၁**

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ် ဆုတောင်းပြည့် မယ်လမုစေတီတော်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေ သွန်းလောင်းပွဲကို ယနေ့နံနက် ၇ နာရီတွင် အဆိုပါ စေတီတော်ဝင်းရှိ မဟာဗောဓိညောင်ပင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**လက်ယာရစ် လှည့်ပတ်ပူဇော်**

ဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ



ဦးဘုန်းမြင့်၊ စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ သုဓမ္မမဏိဇောတရေ ဦးလှကြည်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင်များနှင့် ဧည့်ပရိသတ်များက ဆုတောင်းပြည့်မယ်လမုစေတီတော်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်ပတ်ပူဇော်ခဲ့ကြသည်။

ထို့နောက် မယ်လမု ဆုတောင်းပြည့်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌက ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးစိန်လွင်က ညောင်ရေတော်ရေချမ်း ကပ်လှူရန်အတွက် ဥဒ္ဒိဿယ-ဇိနံဗုဒ္ဓံ စသော ဂါထာဖြင့် ရေချမ်းကပ်လှူခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**



# ကျောင်းကုန်းမြို့၌ ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပ

**ကျောင်းကုန်း မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် မြို့၏ကျက်သရေဆောင် မျက်ရှင်တော်ပြည်လုံးချမ်းသာဘုရားကြီးဝင်းအတွင်းရှိ မဟာဗောဓိညောင်ပင်၌ ကဆုန်လပြည့်(ဗုဒ္ဓနေ့)ယနေ့ညနေ ၄ နာရီက ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပသည်။

အဆိုပါ ကဆုန်ညောင်ရေသွန်းလောင်းပွဲတော်သို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ လာရောက်၍ သွန်းလောင်းကြသည်။ ထိုသို့ ညောင်ရေသွန်းလောင်းရန် လာရောက်သည့် ပြည်သူများအား အလှူရှင်များက မုန့်နှင့် အချိုရည်တို့ဖြင့် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် မေ ၁၁**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ပုသိမ်မြို့၌ ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညောင်ရေသွန်းပွဲတော် ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ ရေစက်ချမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား ကျင်းပ

ပုသိမ် မေ ၁၁

ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညောင်ရေသွန်းပွဲတော် ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၏ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်ရှိ ဦးမောင်ကြီးအာရုံခံတန်ဆောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီးတို့သည် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၏ ဦးမောင်ကြီး တန်ဆောင်းတွင် ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပူဇော်ကြကာ အခမ်းအနားသို့ ကြွရောက်တော်မူလာကြသော ဩဝါဒါစရိယဆရာတော်ကြီးများက ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူး၏ဇနီး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများက သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။



ဆက်လက်၍ ရေစက်ချမင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ ပုသိမ်မြို့ နိဂြောဓာရုံညောင်ပင်သာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိသုတမဟာထေရ်မြတ်ထံမှ ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များထံသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးနှင့် ဇနီး၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်တွင် ပုသိမ်မြို့ပေါ်ရပ်ကွက်(၁၅)ရပ်ကွက်ရှိ ကျောင်းတိုက်ပေါင်း ၂၀၀ မှ ဘုရားအမှူးပြုသော သံဃာတော် ၁၉၈၃ ပါး၊ သီလရှင် ၂၁၈ ပါး စုစုပေါင်း ၂၂၀၁ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲမင်္ဂလာအခမ်းအနားကို ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးနှင့်ဇနီး၊ ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ အလှူရှင်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မြဝတီမြို့နယ် ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၏ ဗောဓိညောင်ပင်ကြီး၌ ကဆုန်ညောင်ရေသွန်းပွဲကျင်းပ

မြဝတီ မေ ၁၁

ကဆုန်လပြည့်(ဗုဒ္ဓနေ့)ကဆုန်ညောင်ရေသွန်းလောင်း ပွဲတော်ကို ကရင်ပြည်နယ် မြဝတီမြို့ကျက်သရေဆောင် ဆံတော်ရှင် ရွှေမြင်းဝန် စေတီတော်မြတ်ကြီး၏ ဗောဓိညောင်ပင်တော်ကြီး၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။



**တက်ရောက်**

ကဆုန် ညောင်ရေသွန်းပွဲသို့ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်၊ ခရိုင်စီမံအဖွဲ့ဝင်(၂)ဦးစိန်သောင်း၊ မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးကျော်ဟိန်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သတ်မှတ်ထားသည့်နေရာများအလိုက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်၍ တရော်ကင်မွန်း အမွှေးနံ့သာရည်များဖြင့်ပက်ဖျန်းပူဇော်ကြပြီးဗောဓိညောင်ပင်တော်အား လက်ယာရစ်လှည့်လည်ပူဇော်ကြကာ မြဝတီမြို့နယ်အတွင်းရှိ သမိုင်းဝင်ဓိဌာန်အောင်စေတီတော်နှင့် မိချောင်းကုန်းစေတီတော်များရှိ ဗောဓိညောင်ပင်များတွင်လည်း ဒေသခံပြည်သူများနှင့် ဘုရားဖူးလာပြည်သူများက ညောင်ရေသွန်းလောင်းပူဇော်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ညောင်ရေသွန်းလောင်းခြင်းနှင့် စတုဒိသာကျွေးမွေးလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် မေ ၁၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ၁၃၈၇ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်းခြင်းနှင့် စတုဒိသာကျွေးမွေးခြင်းတို့ကို ယနေ့နံနက် ၉ နာရီက အမှတ်(၆)ရပ်ကွက် မြို့ဦးဆုတောင်းပြည့် အောင်မြေသာယာဘုရားဝင်းအတွင်း၌ ကျင်းပသည်။

ညောင်ရေသွန်းပွဲတော်၌ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ ရပ်ကွက်(၉)ရပ်ကွက်နှင့် ကျေးရွာ(၅)ရွာတို့မှ အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စတုဒိသာမဏ္ဍပ်များဖြင့် ကဆုန်ညောင်ရေသွန်းပွဲ တက်ရောက်လာသူများနှင့် ဘုရားဖူးပြည်သူများအား ရေခဲမုန့်၊ ကြက်သားပေါက်စီ၊ ဗမာမုန့်မျိုးစုံ၊ ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ သာကူ၊ အအေးတို့ဖြင့် စတုဒိသာဒါနများ ပူးပေါင်းကျွေးမွေးလျက်ရှိသည်။

ကဆုန်လပြည့် ညောင်ရေသွန်းပွဲတော်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဘော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ တာဝန်ရှိသူများနှင့် ဘုရားဖူးပြည်သူများ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က စတုဒိသာကျွေးမွေးလှူဒါန်း



ရန်ကုန် မေ ၁၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး အဖွဲ့က ယနေ့ (ကဆုန်လပြည့် ဗုဒ္ဓမဟာသမယနေ့)တွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ယာဉ်ရပ်နားဝင်း၌ နံနက် ၁၀ နာရီက ဘုရားဖူးပြည်သူများ သုံးဆောင်နိုင်ရန် သာကူစတုဒိသာကျွေးမွေးလှူဒါန်းရာသို့ အဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏနှင့်(ဗဟို)မှ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ အလုပ်အမှုဆောင်များ တက်ရောက်လှူဒါန်းကြကြောင်း သိရသည်။

သတင်းစဉ်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ကယားပြည်နယ်အစိုးရအဖွဲ့မှ မတည်လှူဒါန်းခဲ့သည့် လွိုင်ကော်မြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဓမ္မာရုံ ရေစက်ချအလှူတော်မင်္ဂလာကျင်းပ



လွိုင်ကော် မေ ၁၁

ကယားပြည်နယ်အစိုးရအဖွဲ့မှ မတည်လှူဒါန်းငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သော လွိုင်ကော်မြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဓမ္မာရုံကို ယနေ့နံနက်ပိုင်းက အဆိုပါ ဓမ္မာရုံသစ်၌ ရေစက်ချအလှူတော်မင်္ဂလာပွဲကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာစက္ကထံမှ ကိုးပါးသီလခံယူဆောက်တည်ခဲ့ကြပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံသို့လည်းကောင်း၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ကြွရောက်တော်မူလာသည့်ဆရာတော်၊သံဃာတော်များထံသို့လည်းကောင်း လှူဖွယ်ပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ယခုဆောက်လုပ်လှူဒါန်းခဲ့သည့် ဓမ္မာရုံသည် အလျားပေ ၁၀၀၊ အနံပေ ၅၀၊ သွပ်မိုး၊ သံကူကွန်ကရစ် အဆောက်အအုံအမျိုးအစားဖြစ်ပြီး ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မတည်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ရွှေတိဂုံစေတီတော်မြတ်ကြီး (၄၂) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပ



ရန်ကုန် မေ ၁၁

ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ (၄၂)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက မဟာဗောဓိညောင်ပင်နေရာတွင် ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များသည် (၄၂)ကြိမ်မြောက် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲကျင်းပရန် စေတီတော်ရင်ပြင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး အခမ်းအနား ကျင်းပမည့် မဟာဗောဓိညောင်ပင်နေရာ၌ နေရာယူကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ သ.စ.အ ဓမ္မာစရိယ ဝဋံသကာ ပါဠိပါရဂူ စေတိယင်္ဂဏပဝရသိရီ မဟာဓမ္မဂုရု ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာဆရာတော်)ထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးနှင့် တာဝန်ရှိသူများသည် ဆူးလေစေတီတော်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့တွင် ဂေါပကအဖွဲ့တို့က ကြီးမှူးကျင်းပသည့် ကဆုန်လပြည့် (ဗုဒ္ဓနေ့)ညောင်ရေသွန်းလောင်း ပူဇော်ပွဲများသို့ တက်ရောက်ကြပြီး စေတီတော်များရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုပြီး ဗောဓိညောင်ပင်များအား ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများနှင့်အတူ ညောင်ရေသွန်းလောင်း ပူဇော်ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

## ရန်ကင်းမြို့နယ်၌ ညောင်ရေသွန်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ



ရန်ကင်း မေ ၁၁

ကဆုန်ညောင်ရေသွန်းပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့် စေတီတော် ဂေါပကဥက္ကဋ္ဌ ဦးချိုလေးနှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းမင်းလတ်တို့ ကြီးမှူး၍ မေ ၁၁ ရက် မွန်းလွဲ ၃ နာရီတွင် ရန်ကင်းမြို့နယ် (၁၄) ရပ်ကွက်ရှိ မြို့နယ် ကျက်သရေဆောင် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဝင်းအတွင်း၌ ကျင်းပကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး မိုးကောင်းဆုတောင်းပြည့် စေတီ ဂေါပကဥက္ကဋ္ဌ ဦးချိုလေးနှင့် ဂေါပကအဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းမင်းလတ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး မဟာဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်း ပူဇော်ကြကြောင်းနှင့် ညောင်ရေသွန်းပွဲသို့ တက်ရောက်လာကြသူများနှင့် ဘုရားဖူးလာရောက်ကြသူများအား နေ့လယ်စာ မုန့်ဟင်းခါး၊ ကော်ဖီ၊ အအေးတို့ဖြင့် ဧည့်ခံလှူဒါန်းကြကြောင်း သိရသည်။ လှလှထွေး(ပြန်/ဆက်)

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ကဆုန်လပြည့် (ဗုဒ္ဓနေ့) အခမ်းအနားနှင့် ညောင်ရေသွန်းပွဲတော်ကျင်းပ



ရန်ကုန် မေ ၁၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တွင် ကဆုန်လပြည့် ဗုဒ္ဓနေ့အခမ်းအနားနှင့် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ယနေ့နံနက်ပိုင်းက အမှတ်(၆)ရပ်ကွက် အလိုတော်ပြည့်ဓမ္မဗိမာန်တော်၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များက သံဃာတော်အရှင်သူမြတ်များကို နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး လှူဖွယ်ဝတ္ထုအစုစုတို့အတွက် ရေစက်သွန်းချတရားနာကြားခဲ့ကြသည်။

ဆက်လက်၍ မြသုဝဏ်ကျောင်းတိုက် ဆရာတော် အရှင်ခေမိန္ဒက ညောင်ရေသွန်းပွဲ အခမ်းအနား အဖွင့်ဂါထာနှင့် ညောင်ရေတော် လှူဒါန်းရန် ဂါထာကို ရွတ်ဖတ်ပူဇော်ပြီး သံဃာတော်အရှင်သူမြတ်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့က မဟာဗောဓိရွှေညောင်ပင်နှင့် ဂြိုဟ်ရစ်ခွင်ကို ညောင်ရေသွန်းလောင်းခဲ့ကြောင်း သိရသည်။ဖွဲ့မင်းထက်(ပြန်/ဆက်)

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၉ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီ–ကော့ကရိတ် အာရှလမ်းမကြီးဘေး ရပ်ကွက်(၄)ရှိ ကုန်လှောင်ရုံတစ်လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၂၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း များနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ် ကျိုင်းဖောင်းကျေးရွာ ကားကြီးဝင်း အနီး၌ ရပ်တန့်ထားသောယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၀၅၆၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး၊ Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၂၂၁၀၅၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့ မြို့ရှောင်လမ်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၈ မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၇၅၀၇၄၉၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာ သည့် Hino Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်–မန္တလေးလမ်းဟောင်း ပလိပ်မြို့ မြွေဘုရားအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၈ မျိုး (ခန့်မှန်းတန်ဖိုးငွေ ၄၅၄၆၈၄၀၁၁ ကျပ်) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Volvo Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၆၃၄၁၉၁၅၀၁ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မေ ၉ ရက်တွင် ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ဗိုလ်ရွှဲလမ်း အင်ဂျင်ဝိုင်စက်ရုံဟောင်းအနီး၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၉၆၀၀၀၀၀) ကိုလည်းကောင်း၊ မေ ၁၀ ရက်တွင် မြိတ်မြို့ ကျောက်ဖြူတောင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ မြိတ်မြို့သို့ မောင်းနှင်လာသည့်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက် စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန် ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၄၀၀၀၀)နှင့် အဆိုပါပစ္စည်း များတင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၁၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်း များနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၉ ရက်နှင့် ၁၀ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝေါမြို့ မြို့ဝင်ဂိတ်အနီး၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၁၇၅၈၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Cheng Kong Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကိုလည်းကောင်း၊ အမှတ်(၂) လမ်းမကြီး လေးထောင့်ကန် ကျေးရွာ MAX ဆီဆိုင်အနီး၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာ



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

သော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၅၉၂၅၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Dong Feng Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကို လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၆၀၆၄၉၀၀)ကို လည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေ ၇၁၂၉၄၂၉၉ ကျပ်) ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်သုံးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၆၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၅၈၄၅၆၉၂၇၉ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

ထို့အတူ မေ ၁၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြ နိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၇၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Foton Tractor Head တစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင်သစ်မာ သုည ဒသမ ၃၀၃ တန်၊ အခြားသစ် ၁ ဒသမ ၀၉၀ တန် (ခန့်မှန်းတန်ဖိုးငွေ ၃၂၈၅၁၄ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၈၃၀၆၈၅၁၄ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်း စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Hilux ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန် သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၉ ရက်နှင့် ၁၀ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေ ၁၈၀၉၃၄၅၂၉၄ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် သိသာစွာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှရရှိသည့် အခွန်အခများ၊ တရားဝင်အလုပ်အကိုင် အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင် ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူ များက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင် ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၅-၂၀၂၅ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ရတနသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ "နိုင်ငံတော်မှအလေးထားဆောင်ရွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်"
- ၀၉:၁၀ စိုက်ပျိုးမွေးမြူသုတဘဏ် "ငါးရိက္ခာဖူလုံဖို့ အင်းငါးကဏ္ဍမြှင့်တင်စို့"
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၂၅ "တန်ဖိုးမြင့်မားမြန်မာ့သနပ်ခါး"
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ (တရုတ်) **'လေနှင်ရာခရီး'** (အပိုင်း–၂၅)
- ၁၃:၃၀ MRTV National News
- ၁၅:၀၀ ကျန်းမာရေးမဂ္ဂဇင်း (ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ်)
- ၁၅:၂၅ မျိုးဗီဇတင့်စေဆိုကရေးအတီးအမှုတ်
- ၁၆:၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၇:၁၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၃၀ This Week's Special Interest
- ၁၇:၄၅ "ရာဂီမုန်တိုင်းအလွန် အေးချမ်းသာယာ ညောင်ပင်သာ"
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ ဆုတောင်းမေတ္တာတေးကမ္ဘာ
- ၁၉:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'တော်ဝင်တားမွဲ'** (အပိုင်း–၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၅ ဆုတောင်းမေတ္တာတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ (တရုတ်) **'လျှို့ဝှက်ကောင်းများခေတ်'** (အပိုင်း–၁၈)

### mitv

- 07:01 Evergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun)
- 07:10 Lat Yay Ta Pyin Htal (Yin Wai Yan Tun)
- 07:36 Preserving and Teaching Myanmar Cultural Arts (Painting & Sculpture, Music & Drama (Episode-1)
- 08:01 News
- 08:26 Asia Updates; The Challenge to Leave No One Behind
- 08:41 A Traditional Food in Bagan: Pone Ye Gyi
- 08:41 Listening Pleasure, Instrumental Music (Piano) Can't help falling in love with you
- 09:01 Swiftlet BirdS (Aerodramus Fuciphagus) (Part-I)
- 09:22 Dances of Myanmar: Rvwang Traditional Dance

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၅ တိုင်းရင်းသားသီချင်း၊ အက (ကယား)
- ၀၆:၅၀ မြန်မာသံစဉ်တေးများ
- ၀၇:၁၀ မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်အချစ်ရဲ့ဂတားတွက်'** (အပိုင်း–၂၉) (ဇာတ်သိမ်း)
- ၀၇:၄၅ **'ဆုတောင်းပတ္တနာ'** တေးဂီတဖျော်ဖြေပွဲ
- ၀၉:၃၅ နိုင်ငံခြားသံစဉ်တေး
- ၀၉:၄၅ စတီရီယိုတေးများ
- ၁၀:၀၅ မြန်မာရုပ်ရှင်(ဖြူမည်း) **'ငွေဂေါင်းငြောင်'**
- ၁၈:၀၀ မန္တလေးလျောင်ကြီးဘေးအဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်

### MRTV NRC

- **ကယား (၀၆:၀၀ မှ ၀၈:၀၀)** ကယားတိုင်းရင်းသားတို့ရဲ့စံပျော်ရာတောင်ပေါ်ဒေသ
- **ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)** တီးမှုတ်ပွယ်ရဲ့ထိန်းသိမ်းစဉ်လာရိုးရာလက်မှုပညာ
- **အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)** ကျေးလက်ဆီကပုံတင်သံများ
- **အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)** ဘားအံမြို့နယ်မှ ခရီးစဉ်အသစ် သဘာဝရေလိုက်ဂူတော
- **ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)** ကန်ပက်လက်မြို့နယ် ညီအစ်ကိုများရဲ့ရိုးရာပလွေဂီတ
- **ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)** ကျန်းမာရေးအတွက် အကျိုးအာနိသင်တွေပေးတဲ့ မန်းကျည်းသီး
- **မွန် (၁၃:၀၀ မှ ၁၅:၀၀)** မွန်ဘာသာစကားပြောကြရအောင်(အပိုင်း–၆)
- **ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)** Arakan Telented Star (ဒိုးတကလေး–Interview)
- **ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)** မန္တလေးလျောင်ကြီးဘေးအဏ်သင့်ဒေသများပြန်လည် ထူထောင်ရေး ရန်ပုံငွေပဒေသာကပွဲတိုက်ရိုက် (Live)
- **စ (၁၉:၀၀ မှ ၂၁:၀၀)** မန္တလေးလျောင်ကြီးဘေးအဏ်သင့်ဒေသများပြန်လည် ထူထောင်ရေး ရန်ပုံငွေပဒေသာကပွဲတိုက်ရိုက် (Live)
- **ကချင် (၂၁:၀၀ မှ ၂၃:၀၀)** မန္တလေးလျောင်ကြီးဘေးအဏ်သင့်ဒေသများပြန်လည် ထူထောင်ရေး ရန်ပုံငွေပဒေသာကပွဲတိုက်ရိုက် (Live)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၃၅ Sports Diary
- ၁၂:၁၅ ထူးရှားစုံလင်အာရှဗစ်ဗိတ်အစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ **'အစ္စရေးနိုင်ငံ'**
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'တာဝန်နှင့်လူ'**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ **'ဆွစ်ဇာလန်နိုင်ငံ'**
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **'ဆွစ်ဇာလန်နိုင်ငံ'**
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း–၅၇)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ စမျိုးကောင်းမျိုးသန့်စိုက်ပျိုး အထွက်တိုးမယ့် ရွှေနေကြာ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၀၇:၁၅ "စိုက်ပျိုးမွေးမြူသုတဘဏ်" ငါးရိက္ခာဖူလုံဖို့ အင်းငါးကဏ္ဍမြှင့်တင်စို့
- ၀၇:၅၀ ရေအသုံးချရေးဌာနစုအကြောင်းသိကောင်းစရာ
- ၁၈:၀၀ "မန္တလေးလျောင်ကြီးဘေးအဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ" (Live)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Weekly Sports Info
- ၁၇:၀၀ အားကစားသတင်း
- ၂၂:၀၀ မန္တလေးလျောင်ကြီးဘေးအဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ တိုက်ရိုက် ထုတ်လွှင့်မှု

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ဇလုတ်ကြီးကျေးရွာ နယ်မြေခံတပ်ရင်းသို့ လာရောက်တိုက်ခိုက်သည့် KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်ချေမှုန်း

**နေပြည်တော် မေ ၁၁**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ဇလုတ်ကြီးကျေးရွာရှိ နယ်မြေခံတပ်ရင်းအား KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မေ ၈ ရက်တွင် သိမ်းပိုက်နိုင်ခဲ့သဖြင့် လက်နက်ကြီး၊ လက်နက်ငယ် အမြောက်အမြား သိမ်းဆည်းနိုင်ခဲ့ကြောင်း၊ တပ်မတော်မှ ဘာသာရေးကျောင်း၊ ဘုန်းတော်ကြီးကျောင်းများအား လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်သောကြောင့် အရပ်သားပြည်သူများ တိုက်ပွဲရှောင်နေရကြောင်း ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန်လုပ်ကြံ၍ သတင်းအမှားများ ဖြန့်ချိဝါဒဖြန့်လျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ မေ ၆ ရက် ရက်စွဲဖြင့် ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ထုတ်ပြန်ထားသည့် ကာလအတွင်း KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မေ ၈ ရက် နံနက် ၅ နာရီခန့်မှစ၍ ဇလုတ်ကြီးကျေးရွာရှိ နယ်မြေခံတပ်ရင်း တစ်ရင်းအား သာလွန်အင်အားဖြင့် အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် တပ်ရင်းဌာနချုပ်ရှိ အရာရှိ၊ စစ်သည်၊ ရဲမေများကစနစ်တကျ ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ ထိတွေ့တိုက်ပွဲများ မေ ၁၀ ရက်အထိ ပြင်းထန်စွာဖြစ်ပွားခဲ့သည်။ အကြမ်းဖက်သမားများအနေဖြင့် ထိခိုက်ကျဆုံးမှုများပြားသော်လည်း အင်အားထပ်မံဖြည့်တင်း၍ တိုက်ခိုက်လာခြင်း၊ မိမိအရာရှိ/ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိမှုများလာခြင်းတို့ကြောင့် တပ်ရင်းဌာနချုပ်အတွင်းမှ ခေတ္တဆုတ်ခွာပေးပြီး အကြမ်းဖက်သောင်းကျန်းသူများ တပ်ရင်းဌာနချုပ်အတွင်း စုပြုံဝင်ရောက်ချိန်၌ တန်ပြန်လေကြောင်းပစ်ကူ၊ အမြောက်နှင့် လက်နက်ကြီးပစ်ကူများဖြင့် နည်းဗျူဟာမြောက် ပစ်ခတ်ခြင်းအား စစ်မြေပြင်ကွပ်ကဲရေးမှူးများက အချိန်ကိုက် စတင်ဆောင်ရွက်ခဲ့သည်။

တစ်ချိန်တည်းမှာပင် အဆိုပါ အကြမ်းဖက်သမားများ ဝင်ရောက်တိုက်ခိုက်ခဲ့သည့်နေရာသို့ တပ်မတော်စစ်ကူစစ်ကြောင်းများ မူလစီစဉ်ထားရှိသည့် စစ်ကူ/ပစ်ကူစီမံချက်အတိုင်း ထပ်မံဖြည့်တင်း၍ တန်ပြန်တိုက်ခိုက်မှုပြုလုပ်ခဲ့ရာ အကြမ်းဖက်သမားများ အကျအဆုံးများစွာဖြင့် မေ ၁၀ ရက် ညနေပိုင်းတွင် နယ်မြေခံတပ်၏ အရှေ့ဘက်သို့ ဖရိုဖရဲဖြင့် ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး အကြမ်းဖက်သမားများ ခေတ္တဝင်ရောက်နေရာယူထားသည့် နယ်မြေခံတပ်ရင်းအား တပ်မတော်စစ်ကြောင်းများက မေ ၁၁ ရက် နံနက်ပိုင်းတွင် ပြန်လည်ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့သည်။ ဖြစ်စဉ်နေရာအနီးဝန်းကျင်နှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများအတွင်း၌ သောင်းကျန်းသူများအခြေပြုနေထိုင်နိုင်ခြင်းမရှိစေရေး တပ်မတော်စစ်ကြောင်းများက လုံခြုံရေးလုပ်ငန်းများ ဆက်လက်ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။

ဖြစ်စဉ်တွင် မိမိတပ်မတော်မှ အရာရှိ/ စစ်သည်အချို့ ကျဆုံး/ ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သမားများထံမှလည်း အလောင်းခြောက်လောင်း၊ လက်နက်ငယ်မျိုးစုံ ၁၀ လက်၊ ကျည်အိမ်များ၊ ခဲယမ်းနှင့် ဗုံးသီးများ သိမ်းဆည်းရရှိခဲ့ပြီး တိုက်ပွဲဖြစ်ပွားစဉ်အတွင်း ခေတ္တတိမ်းရှောင်နေသည့် စစ်သည်၊ ရဲမေများသည် တပ်မတော်စစ်ကြောင်းများနှင့် ပြန်လည်ပူးပေါင်းနိုင်ခဲ့ပြီး လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်၍ အကြမ်းဖက်အားပေး တရားမဝင်မီဒီယာများ၏ လုပ်ကြံသတင်းအမှားများအပေါ် တိုင်းရင်းသားပြည်သူများသတိပြုနိုင်ပါရန်နှင့် ယာယီပစ်ခတ်တိုက်ခိုက်မှုထုတ်ပြန်ကြေညာထားသည့် ကာလအတွင်း လက်နက်ကိုင်အဖွဲ့များအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်စခန်းများအား တိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကို နှောင့်ယှက်တိုက်ခိုက်ခြင်းများ ဆောင်ရွက်လာပါက တပ်မတော်အနေဖြင့် ပြည်သူလူထုကို ကာကွယ်သောအားဖြင့် လိုအပ်သည့် အရေးယူ တုံ့ပြန်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ထားသည့် ဇလုတ်ကြီးကျေးရွာရှိ နယ်မြေခံတပ်ရင်းအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး တပ်ရင်းတန်းစီကွင်း၌ တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများအား တပ်ရင်းဌာနချုပ်ရုံး၌ တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံ။











တပ်မတော်စစ်ကြောင်းများအား တပ်ရင်းဗဟိုကင်း၌ တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက်သမားများထံမှ အလောင်းများရရှိမှု မှတ်တမ်းဓာတ်ပုံ။

# ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် ငွေကျပ် ၄ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၃၀ သိမ်းဆည်းရမိ



ကျော်ဇင်ဦးနှင့် မမွန်မွန်ငြိမ်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် မေ ၁၁**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် ငွေကျပ် ၄ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၃၀ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**ဆက်လက်ဖော်ထုတ်**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၈ ရက် ညနေ ၃ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည် ကျေးရွာအနီးတွင် မန္တလေးမှ ဘားအံသို့ ကျော်ဇင်ဦး မောင်းနှင်ပြီး မမွန်မွန်ငြိမ်း လိုက်ပါလာသည့် MITSUBISHI FUSO ၁၂ ဘီးယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၄ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၃၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ အဆိုပါသိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပညာရေးဝန်ကြီးဌာန ရန်ကုန်အဝေးသင်တက္ကသိုလ် သတ္တဗေဒဌာနမှ ကထိက ဒေါ်ဝင်းဝင်းအောင် ပျောက်ဆုံးမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် မေ ၁၁**

ပညာရေးဝန်ကြီးဌာန ရန်ကုန်အဝေးသင်တက္ကသိုလ် သတ္တဗေဒဌာနမှ ကထိက ဒေါ်ဝင်းဝင်းအောင်သည် မေ ၇ ရက်တွင် တာဝန်ကျနေရာမှ အကြောင်းမဲ့ပျက်ကွက်လျက်ရှိကြောင်း သိရှိရသဖြင့် စုံစမ်းစိစစ်မှုများ ဆောင်ရွက်ခဲ့သည်။

စိစစ်ချက်များအရ ဒေါ်ဝင်းဝင်းအောင်သည် ငလျင်ဘေးဒဏ်ကြောင့် မန္တလေးတိုင်းဒေသကြီးမှ တက္ကသိုလ်ဝင်တန်း ပြန်လည်ဖြေဆိုမည့် ကျောင်းသားကျောင်းသူများအား အနီးကပ်သင်ကြားပို့ချပေးနိုင်ရေး အတွက် မေ ၁ ရက်တွင် ရန်ကုန်အဝေးသင်တက္ကသိုလ်မှ အခြားနည်းပြများနှင့်အတူ မိတ္ထီလာတက္ကသိုလ်သို့ ရောက်ရှိလာခဲ့ပြီး မေ ၂ ရက်မှ စတင်၍ အထက(၂) ပျော်ဘွယ်၌ သင်ကြားပို့ချမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။




ရန်ကုန်အဝေးသင် တက္ကသိုလ် သတ္တဗေဒဌာနမှ ဒေါ်ဝင်းဝင်းအောင်အား တွေ့ရစဉ်။





ဒေါ်ဝင်းဝင်းအောင် မိတ္ထီလာတက္ကသိုလ် အမှတ်(၁)ဂိတ်မှ ထွက်ခွာသွားမှုအား စီစီတီဗွီမှတ်တမ်းတွင် တွေ့ရစဉ်။



Han Hnin Su 9:31 PM
to me

From Han Hnin Su • hanhninsu41@gmail.com
To fk28643333@gmail.com
Date May 7, 2025, 9:31 PM
Standard encryption (TLS).
View security details

Your Mon condition is ok. After Little checking , and will free.

**hanhninsu41@gmail အကောင့်ဖြင့် ဒေါ်ဝင်းဝင်းအောင်၏ သားဖြစ်သူ မောင်ရဲလင်းမြတ်ဟိန်း၏ fk28643333@gmail သို့ ဆက်သွယ်လာမှုကို တွေ့ရစဉ်။**

မေ ၇ ရက် နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် ဒေါ်ဝင်းဝင်းအောင်သည် မိတ္ထီလာတက္ကသိုလ်မှ ပျော်ဘွယ်မြို့သို့ မထွက်ခွာမီ ၎င်း၏ မိတ်ဆွေများနှင့် တွေ့ဆုံရန်ဟူသော အကြောင်းပြချက်ဖြင့် အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဒေါ်မူမူအေးထံ ဖုန်းဖြင့်ခွင့်တိုင်ကြားခဲ့သော်လည်း ပုံမှန်သင်တန်းဆင်းချိန်အထိ တာဝန်ကျနေရာသို့ ရောက်ရှိလာခြင်းမရှိဘဲ အကြောင်းမဲ့ပျက်ကွက်ခဲ့ကြောင်း ထို့နောက် တာဝန်ရှိသူများက ဒေါ်ဝင်းဝင်းအောင်ထံ ဆက်သွယ်သော်လည်း တစ်စုံတစ်ရာ ဆက်သွယ်မှုမရရှိခဲ့ဘဲ ည ၉ နာရီခွဲတွင် ဒေါ်ဝင်းဝင်းအောင်၏သားဖြစ်သူ မောင်ရဲလင်းမြတ်ဟိန်း၏ gmail သို့အကြမ်းဖက်အဖွဲ့အစည်းများ အသုံးပြုသည့် hanhninsu41@gmail.com မှ “Your Mon Condition is ok. After Little Checking, and will free” ဟုပေးပို့လာခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

ထို့ကြောင့် ဒေါ်ဝင်းဝင်းအောင် ပျောက်ဆုံးမှုနှင့် ပတ်သက်၍ လိုအပ်သော စုံစမ်းစိစစ်မှုများ ဆောင်ရွက်ခဲ့ရာ မိတ္ထီလာတက္ကသိုလ်ရှိ စီစီတီဗွီမှတ်တမ်းများအရ ဒေါ်ဝင်းဝင်းအောင်သည် နံနက် ၅ နာရီ ၄၇ မိနစ်တွင် ၎င်းနေထိုင်သည့် မိတ္ထီလာတက္ကသိုလ် ကံ့ကော်ဆောင်မှ ၎င်းပိုင် အသုံးဆောင်ပစ္စည်းများ ပါရှိသည့် အိတ်အသေး တစ်လုံးနှင့်အတူ တက္ကသိုလ် အမှတ်(၁)ဂိတ်မှ ထွက်ခွာ သွားခဲ့ကြောင်း၊ ထို့နောက် မိတ္ထီလာတက္ကသိုလ် အနီးရှိ အရုဏ်ဦး လက်ဖက်ရည်ဆိုင်၌ တစ်ဦးတည်း နံနက်စာ စားသုံးခဲ့ပြီး ၇ နာရီခန့်တွင် လက်ဖက်ရည်ဆိုင်ရှေ့သို့ရောက်ရှိလာသော ယာဉ်အမှတ်(စိစစ်ဆဲ) Toyota Passo(ခဲရောင်) ယာဉ်ပေါ်သို့ ၎င်း၏သဘောဆန္ဒဖြင့် လိုက်ပါသွားခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

ဒေါ်ဝင်းဝင်းအောင်သည် ရခိုင်ပြည်နယ် စစ်တွေမြို့၌ မွေးဖွားခဲ့သည့် ရခိုင်လူမျိုးတစ်ဦးဖြစ်ပြီး သူငယ်တန်းမှ ဘွဲ့ရရှိသည်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ပညာသင်ကြားခဲ့ကြောင်း၊ ထို့အပြင် တက္ကသိုလ်များ၌ နည်းပြဆရာမအဖြစ် တာဝန်မထမ်းဆောင်မီကာလများတွင်လည်း စစ်တွေမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာမူလတန်းကျောင်းအချို့တွင် မူလတန်းပြ၊ အလယ်တန်းပြ ရာထူးများဖြင့် တာဝန် ထမ်းဆောင်ခဲ့ဖူးကြောင်း စိစစ်တွေ့ရှိရသည်။

**ထုတ်လွှင့်ဝါဒဖြန့်**

သတင်း စုံစမ်းဖော်ထုတ်ချက်များအရ ဒေါ်ဝင်းဝင်းအောင်သည် ၎င်းပျောက်ဆုံးဖြစ်စဉ် ကာလမတိုင်မီ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် ကြိုတင်ကြံစည် ဆက်သွယ်မှုများရယူခဲ့ပြီး မေ ၇ ရက်တွင် ဆားလင်းကြီး PDF အကြမ်းဖက်အဖွဲ့မှ ဇေယျာမင်းဌေး၏ ချိတ်ဆက်ကူညီမှုဖြင့် မိတ္ထီလာမြို့မှ ဆားလင်းကြီးမြို့နယ် ကျားတက်ကျေးရွာသို့ သွားရောက်ခဲ့ပြီး ၎င်းမှတစ်ဆင့် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ဇော်အေးထွန်းထံသို့ ဆက်လက်သွားရောက်၍ AA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့ အခြေပြုရာ နယ်မြေအတွင်းရှိ ပညာရေးဆိုင်ရာ လုပ်ငန်းများ၌ ပူးပေါင်း ကူညီနိုင်ရေးအတွက် ကြိုတင်ရည်ရွယ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် ငလျင်ဘေးဒဏ်ကြောင့် တက္ကသိုလ်ဝင်တန်း ပြန်လည်ဖြေဆိုရန် အင်တိုက်အားတိုက် ကြိုးပမ်းပြင်ဆင်နေကြသည့် မိဘဆရာများ၊ ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားရေးကို အနှောင့်အယှက်ဖြစ်စေရန်အတွက် လည်းကောင်း၊ သင်ကြားရေး လုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်လျက်ရှိသည့် ဆရာ ဆရာမများအား အကြောက်တရားဖြင့် ခြိမ်းခြောက်လွှမ်းမိုးနိုင်ရေးအတွက် လည်းကောင်း ရည်ရွယ်၍ ဒေါ်ဝင်းဝင်းအောင်နှင့်ချိတ်ဆက်ကာ သတင်းအမှားများ ထုတ်လွှင့်ဝါဒဖြန့်ချိခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

ထို့အပြင် အကြမ်းဖက်အားပေးတရားမဝင် ပြည်ဖျက်မီဒီယာများကလည်း အစိုးရ၏ အုပ်ချုပ်မှုယန္တရားယိုယွင်းစေပြီး တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထု အထိတ်တလန့်ဖြစ်ပေါ်စေရန်အတွက် ဖြစ်စဉ်အမှန်ကိုဖုံးကွယ်၍ မဟုတ်မမှန် လုပ်ကြံ သတင်းအမှားများကို လိမ်လည် ရေးသားထုတ်လွှင့်ဖြန့်ချိလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည်။

**လျှို့ဝှက်စွာသတင်းပေးပို့**

အကြမ်းဖက် အဖွဲ့အစည်းများသည် တည်ငြိမ်အေးချမ်းစွာ ပညာ သင်ကြားလိုသည့် ကျောင်းသား ကျောင်းသူများအား အနှောင့်အယှက် ဖြစ်ပေါ်စေရန် အဖျက်အမှောင့် လုပ်ငန်းများ ဆောင်ရွက်လျက် ရှိသကဲ့သို့ နိုင်ငံ့ဝန်ထမ်း ဥပဒေများနှင့်အညီ တာဝန် ထမ်းဆောင်လျက်ရှိကြသည့် ဆရာ ဆရာမများကိုလည်း ၎င်းတို့၏ အကြမ်းဖက်လုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာစေရေး နည်းလမ်းမျိုးစုံဖြင့် စည်းရုံးသိမ်းသွင်းလျက် ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းများ၏ စည်းရုံးသိမ်းသွင်းမှု မခံရစေရေး အထူးသတိပြုကြရန်နှင့် မိဘပြည်သူများအနေဖြင့်လည်း အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နေသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ပတ်သက်သော သတင်းအချက်အလက်များရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးပို့စေလိုကြောင်း သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၅၅/၄၀၉၊ (၅၅)ရပ်ကွက်၊ ရွှေသဇင်(၂)လမ်း၊ အမှတ်(၄၀၉)၊ ပါမစ် အမည်ပေါက်ဖြစ်သူ ဦးအုန်းသွင်၊ မြေကွက်အကျယ်အဝန်း(၄၀x၆၀)ပေအနက်မှ ခြေရင်းဘက်ထောင့်ဆုံး(၁၀x၆၀)ပေရှိမြေကွက်နှင့် အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အိမ်ရေမီးအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူ ဦးကျော်မျိုးထက်[၈/နမန(နိုင်)၁၄၉၄၉၂]က လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးနွယ်နွယ်ဦး[၇/ဇကန(နိုင်)၀၆၀၇၆၂]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားစာချုပ်မူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်အေးနွယ်နွယ်ဦး** | **ဒေါ်မွေးမွေးမြင့်( LLB )** |
| **[၇/ဇကန(နိုင်)၀၆၀၇၆၂]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၃၇)** |
| | **အမှတ်(၄၉၂)၊ မြေညီ(B)၊ ကန်ဦးလမ်း၊** |
| | **လေးထောင့်ကန်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၇၁၂၇၈၉၃၇** |

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (အဖ)ဦးစိုင်းအုန်းမြင့်၏ သမီး ဒေါ်နန်းအေမွေနွမ် [၁၃/မဆတ(နိုင်)၀၄၈၄၅၇] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

(အဖ)ဦးအန်းဂူ(ခ)သိန်းထွန်း၏သား ဦးသန့်ဇင်ထွန်း[၉/ခအဇ(နိုင်)၀၂၁၇၀၅]နှင့် ဒေါ်နန်းအေမွေနွမ် တို့သည် ၂၀၁၆ ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြပြီး သမီးတစ်ဦးထွန်းကားခဲ့ပါသည်။ ယခုအခါတွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့သည့်အတွက် ဆက်လက်ပေါင်းသင်းနေထိုင်ရန် ဆန္ဒမရှိကြတော့ပါသဖြင့် ၂၆-၂-၂၀၂၅ရက်နေ့တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို အသိသက်သေလူကြီးများ၏ရှေ့မှောက်၌ လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။ ထိုသို့ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း လုံးဝ မပြုလုပ်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းအေမွေနွမ် ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မွေးမွေးမြင့်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၃၇)**
**အမှတ်-၃၉၂၊ မြေညီ(ဘီ)၊ ကန်ဦးလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊**
**သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၇၁၂၇၈၉၃၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ်(၆၁)ရပ်ကွက်၊ ရောချမ်းသာအိမ်ရာ၊ တိုက်အမှတ်(၁၀ အေ)၊ အခန်း(၂၂၅) မူလအမည်ပေါက် ဦးနေသွေး [၁၂/သလန(နိုင်)၁၂၆၇၁၉]၊ + ဒေါ်မေရတနာထူး [၇/ပတန(နိုင်)၁၁၃၇၁၈]တို့ထံမှ ဒေါ်သက်စုလှိုင် [၁၂/မဂဒ(နိုင်)၀၉၇၇၃၂]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ဦးမိုးယံဦး [၆/မမန(နိုင်)၁၅၆၆၄၅] သိရှိရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မျိုး(ခ)ဦးမျိုးညွှန့် [၃/မဝတ(နိုင်)၀၁၃၇၉၃]၏ လွှဲအပ်ချက်အရ ဦးမိုးယံဦး သိရှိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဦးမိုးယံဦးသည် မိမိပိုင်ကုန်များအား ကော့သောင်း၊ မြိတ်မြို့မှ ရန်ကုန်မြို့သို့ သင်္ဘောဖြင့် သယ်ယူပို့ဆောင်ပေးရန်နှင့် ကုန်သယ်ခငွေကို မိမိမှပေးချေပါမည်ဟု ပြောဆိုသဖြင့် ဦးမိုးယံဦး၏ ကြက်စာမက်ထရစ်တန် (၂၄၃.၅)တန်ကို (၁-၁၁-၂၀၂၄)ရက်နေ့တွင် ကျွန်ုပ်မိတ်ဆွေက ပထမအကြိမ် သယ်ပို့ပေးခဲ့ပြီးနောက်ပိုင်း ဒုတိယအကြိမ်နှင့် တတိယအကြိမ် ကြက်စာနှင့် အခြားကုန်ပစ္စည်းများကို သင်္ဘောဖြင့် သယ်ယူကာ ရန်ကုန်မြို့ရှိ ပစ္စည်းပိုင်ရှင် ဦးမိုးယံဦး ပြောကြားသော ကုန်လက်ခံမည့် လိပ်စာများအတိုင်း ပို့ဆောင်အပ်နှံခဲ့ရပါသည်။ ကျွန်ုပ်မိတ်ဆွေက (၉-၁၂-၂၀၂၄)ရက်စွဲ ဖြင့်လည်းကောင်း၊ (၃-၁-၂၀၂၅)ရက်စွဲဖြင့် လည်းကောင်း၊ ငွေတောင်းခံလွှာများကို ဦးမိုးယံဦးထံသို့ ပေးပို့ခဲ့ပြီးဖြစ်ကြောင်း အထောက်အထားများ ပြသ၍ သိရှိရပါသည်။

ကျွန်ုပ်မိတ်ဆွေက ဦးမိုးယံဦးထံ ကုန်သည်ခငွေတောင်းခံလွှာ ပေးပို့ပြီးနောက်ပိုင်း ဖုန်းဆက်သွယ်ခြင်း၊ Viber ဖြင့် စာပို့ခြင်းများ ပြုလုပ်ခဲ့ရာ ဖြစ်စဉ်အမျိုးမျိုး အကြောင်းပြနေပြီး နောက်ပိုင်း ဦးမိုးယံဦးထံ ဖုန်းဆက်သွယ်မှုကို ဖုန်းမကိုင်ခြင်းများရှိလာသဖြင့် ရန်ကုန်မြို့ရှိ ဦးမိုးယံဦး နေထိုင်ခဲ့သော နေအိမ်တွင် သွားရောက် ရှာဖွေသော်လည်း နေထိုင်ခြင်းမရှိကြောင်းကို လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။

သို့ဖြစ်၍ ဦးမိုးယံဦးအနေဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မျိုး(ခ)ဦးမျိုးညွှန့်အား ကုန်ပို့ဆောင်ခငွေများကို ဤအသိပေးကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေထံ လာရောက်တွေ့ဆုံ ဖြေရှင်းပေးချေရန် အသိပေးအပ်ပါသည်။ ဦးမိုးယံဦးအနေဖြင့် အသိပေးပါလျက် ကုန်ပို့ဆောင်ခငွေများကို ဖြေရှင်းမပေးအပ်ပါက တည်ဆဲဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို လွှဲအပ်ညွှန်ကြားချက်အရဦးမိုးယံဦးထံ အသိပေး အကြောင်းကြားအပ်ပါသည်။

**ဦးဇော်မျိုး(ခ)ဦးမျိုးညွှန့်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဟသ်ာတဦးခင်ဇော်** | **ဒေါ်ခင်သက်သက်ဇော်** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၄၂၅၃)** | **(စဉ်-၁၇၂၃၁)** |
| **LL.B, D.B.L, D.L.P** | **LL.B, D.B.L, D.I.L, D.M.L** |

**အမှတ်-၃၂၊ ဦးဘဝင်းလမ်း၊ ၃၉ (အေ) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၁၅၇၆၅၂၊ ၀၉-၄၂၀၁၁၁၀၃၉၊ ၀၉-၉၇၈၀၈၆၁၅၇**

## ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

၁။ ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့မှ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု/တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးပစ္စည်း ဝယ်ယူခြင်းကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန် စိတ်ဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မုံရွာမြို့တွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - ၁၅-၅-၂၀၂၅ ရက် |
| (ခ) | တင်ဒါလျှောက်လွှာရောင်းချမည့် နောက်ဆုံးရက် | - ၂၈-၅-၂၀၂၅ ရက် (ညနေ ၄:၃၀ နာရီ) |
| (ဂ) | PO Cheque နှင့်စာအိတ်'A' 'B' လက်ခံမည့်နေ့ | - ၂၉-၅-၂၀၂၅ ရက် (ရုံးချိန်အတွင်း) |
| (ဃ) | တင်ဒါဖွင့်လှစ်မည့်နေရာ | - တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့။ |
| (င) | တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် | - တင်ဒါတင်သွင်းသူများသို့ ဌာနမှ ဆက်သွယ်အကြောင်းကြားပါမည်။ |

၃။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းလာသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ မုံရွာမြို့ ဖုန်း၀၇၁-၂၃၆၂၅၊ ၀၇၁-၂၃၆၂၆၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့ ဖုန်း ၀၇၁-၂၁၁၈၂၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရွှေဘိုမြို့၊ ဖုန်း ၀၇၅-၂၁၀၀၄၊ ၀၇၅-၂၂၅၀၄၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ကလေးမြို့ ဖုန်း ၀၇၃-၂၁၄၈၉ သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အငှားချတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ အောက်ပါလုပ်ငန်းအား တင်ဒါစနစ်ဖြင့် အငှားချထားခြင်းကို ဆောင်ရွက်မည်ဖြစ်ပါသည်-

| တည်နေရာ | လုပ်ငန်း | အကျယ်အဝန်း |
|---|---|---|
| မင်္ဂလာတောင်ညွန့်မြို့နယ် ပန်းကန်လုံးကျွန်းပန်းခြံ | အများသုံး သန့်စင်ခန်း | (၂၈'x၁၀') |

၂။ ဖော်ပြပါလုပ်ငန်းအား တင်ဒါစနစ်ဖြင့် အငှားချထားခြင်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါကျင်းပမည့် ရက်နေ့၊ အချိန် | - (၂၉-၅-၂၀၂၅)ရက်နေ့၊ (၁၃:၀၀)နာရီ |
| (ခ) | တင်ဒါကျင်းပမည့်နေရာ | - မြို့တော်ခန်းမ၊ ခန်းမ( ၂ ) (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ) |
| (ဂ) | တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာနှင့် တင်သွင်းမည့်နေရာ | - ဒဂုံမြို့နယ်၊ ဦးဥတ္တမပန်းခြံအတွင်းရှိ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန (ရုံးချုပ်) |
| (ဃ) | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - (၁၂-၅-၂၀၂၅) ရက်နေ့မှ (၂၆-၅-၂၀၂၅) ရက်နေ့ထိ |
| (င) | တင်ဒါလျှောက်လွှာ တင်သွင်းရမည့် နောက်ဆုံးရက် | - (၂၆-၅-၂၀၂၅) ရက်နေ့၊ (၁၆:၃၀)နာရီ |

၃။ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ ဖုန်း-၀၉-၅၀၄၉၀၇၁၊ ၀၉-၂၅၆၃၇၇၀၆၅ သို့ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏အမှုသည် (အဖ)ဦးအောင်မြင့်၏သား နိုင်ငံသား မှတ်ပုံတင်အမှတ်[၁၄/ငပတ(နိုင်)၁၉၂၅၀၃]ကိုင်ဆောင်သူ ဦးနေမျိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်နှင့် ပုသိမ်မြို့၊ ထောင်ကုန်းလမ်းနေ (အဖ)ဦးမောင်နု၏သမီး နိုင်ငံသားမှတ်ပုံတင်အမှတ်[၁၄/ပသန(နိုင်)၂၅၉၅၁၅] ကိုင်ဆောင်သူ ဒေါ်သင်းသင်းခိုင် တို့သည် လွန်ခဲ့သော (၁၂)နှစ်ခန့်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး၊ သားသမီးတစ်ဦးတစ်ယောက်မျှ ထွန်းကားခဲ့ခြင်းမရှိကြသူများ ဖြစ်ပါသည်။

တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိ ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်သဖြင့် (၂၁-၁၁-၂၀၂၄)ရက်နေ့တွင် တရားလွှတ်တော်ရှေ့နေ၏ ရှေ့မှောက်၌ စာချုပ်ပြီးချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး ဆက်စပ်သက်ဆိုင်ခြင်းမရှိ၊ စွက်ဖက်နှောင့်ယှက်ခြင်းမပြုပါဟု နှစ်ဦးသဘောတူ ဝန်ခံလက်မှတ်ရေးထိုး ကွာရှင်းခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်၏အမှုသည် ကိုယ်စိတ်နှစ်ပါး အနှောင့်အယှက်ဖြစ်စေရန် ဒေါ်သင်းသင်းခိုင် အနေဖြင့် ပြုမူဆောင်ရွက်လာပါက တည်ဆဲဥပဒေတို့အရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိစေလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းလှိုင်(မောင်ရတနာ) LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၂၆၆)**
**Ph:09-443095958, 09-781228963**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

လယ်ဝေးမြို့၊ ကြို့ပင်ကြီးကျေးရွာ၊ အိမ်အမှတ်(၅၀ )နေ ဒေါ်အေးအေးမြင့် [၉/လဝန(နိုင်)၀၀၂၂၀၇] ၏ သမီးဖြစ်သူ မခင်သီတာအောင် [၉ / လဝန(နိုင်)၂၇၄၆၆၅]သည် မိခင်၏ဆိုဆုံးမမှုကို အကြိမ်ကြိမ်နာခံမှုမရှိပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**မိခင်**
**ဒေါ်အေးအေးမြင့်**

**အား**
**ကစား**
**မြှင့်**
**တင်**
**စိတ်**
**လန်း**
**ရွှင်**
**ဆန့်**
**ကျင်**
**မူး**
**ယစ်**
**ဆေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်-တောင်ကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးတက္ကသိုလ်-တောင်ကြီး၏ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် စက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ အခြားရုံးသုံးပစ္စည်းများ E-Government နှင့် Medical Book & Journal များအား ဝယ်ယူမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက် - ၁၂-၅-၂၀၂၅ရက်(တနင်္လာနေ့) နံနက်(၉: ၃၀)နာရီ
တင်ဒါပိတ်သိမ်းမည့်ရက် - ၂၆-၅-၂၀၂၅ရက်(တနင်္လာနေ့) ညနေ(၁၆:၃၀)နာရီ

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းများအတွက် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသော အချက်များကို နေ့စဉ်ရုံးချိန်အတွင်း ဆေးတက္ကသိုလ်-တောင်ကြီး၊ အတွင်းရေးမှူး၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ ဖုန်းနံပါတ် ၀၈၁-၂၁၂၄၈၆၂ (သို့မဟုတ်) ၀၉-၂၆၅၁၁၇၇၀၁ သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**တင်ဒါဗဟိုကော်မတီ**
**ဆေးတက္ကသိုလ်-တောင်ကြီး**

## ဦးအဗ်ဒွလ်ဗရ်ရှီး၏[၁၂/သကတ(နိုင်)၁၂၇၇၁၄] ကိုင်ဆောင်သူ သိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ၅၄-လမ်း၊ အမှတ်(၄၁)နေ ဒေါ်ခင်မိမိမော် (ခ) ဖာသွေမဟ်ဘီမှ မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)၌ အိမ်ထောင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ကွာရှင်းလိုမှုတိုင်ကြားလျှောက်ထားလာပါသဖြင့် လျှောက်ထားခြင်းခံရသူ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃/ရန်ပြေ)ရပ်ကွက်၊ သုမနလမ်း၊ အမှတ်(၃၄)နေ ဦးအဗ်ဒွလ်ဗရ်ရှီး၏အနေဖြင့် လာရောက်ဖြေရှင်းနိုင်ရန်အတွက် အောက်ပါအတိုင်း ဆင့်ခေါ်ဖိတ်ကြား ချိန်းဆိုအပ်ပါသည်။ အကယ်၍ ချိန်းဆိုသည့်နေ့ရက်တွင် လူကြီးမင်းအနေဖြင့် လာရောက်ဖြေရှင်းဆောင်ရွက်ခြင်းမရှိပါက လျှောက်ထားစာအပေါ် ကွာရှင်းလိုမှုအား တရားတော်နှင့်အညီ ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို တစ်ပါတည်းသိစေအပ်ပါသည်-

| | |
|---|---|
| တွေ့ဆုံရမည့် နေ့ရက် | - (၂၀-၅-၂၀၂၅)၊ (အင်္ဂါနေ့) |
| ဆွေ့ဆုံရမည့် အချိန် | - မွန်းလွဲ (၂:၀၀) နာရီတိတိ။ |
| တွေ့ဆုံရမည့် နေရာ | - အမှတ်(၁၀/၁၂)၊ ဗိုလ်တထောင်လမ်းသွယ်(၁)၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

**ဦးကျော်ကျော်(ခ)ဦးခင်ထွန်း**
**အထွေထွေအတွင်းရေးမှူးချုပ်**
**အစိုးရအသိအမှတ်ပြုအမိန့်စာအစစ်ရှိ**
**မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)**
**Ph:09-456662226**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁)၊ မြေကွက်အမှတ်(၅၉၈)၊ သုမိတ္တာ(၁၆)လမ်း မြေပေါ်ရှိ (၂)ခန်းတွဲ ၆ ထပ်တိုက်၏ တတိယထပ် (၄)လွှာ(ခေါင်းရင်းခြမ်း)တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ရှင် ဒေါ်အိနန္ဒာမွန်[၁၂/မရက(နိုင်)၁၄၁၉၁၄]ထံမှ ကျွန်မ၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်မထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဲသဲ LL.B, D.B.L, D.I.L, ABE(UK)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၀)**
**အမှတ်-၃၊ ဆရာမကြီးလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၁၁၅၀၉**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂/ B၊ ပုလဲ(၂)ရပ်ကွက်၊ ဇေဒါလမ်းသွယ်(ခ) နှင်းဆီလမ်း၊ အမှတ်(၃၇၇)၊ မြေအကျယ်အလျား(၁၀၀)ပေx အနံ(၇၀)ပေအကျယ်အဝန်းရှိ၍ နှစ်(၆၀)မြေငှားဂရန်တွင် ဒေါ်ရှီထင်ဖန် အမည်ပေါက်လျက်ရှိသော မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ရှီထင်ဖန် [၁၃/လရန(နိုင်)၀၀၅၈၇၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးမောင်မောင်မြင့်[၁၃/တကန(နိုင်)၀၄၆၅၉၃]သည် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမောင်မောင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်နီနီအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၀၅)**
**အမှတ်(၇၀)၊ (၂)လမ်း၊ အေးသာယာရပ်ကွက်၊ ဝါယာလက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၀၀၈၄၅၈**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂/B၊ ပုလဲ(၂)ရပ်ကွက်၊ ဇေဒါလမ်းသွယ်(ခ) နှင်းဆီလမ်း၊ အမှတ်(၃၇၆)၊ မြေအကျယ် အလျား(၁၀၀)ပေx အနံ(၇၀)ပေ အကျယ်အဝန်းရှိ၍ နှစ်(၆၀)မြေငှားဂရန်တွင် ဒေါ်ရှီထင်ဖန် အမည်ပေါက်လျက်ရှိသော မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ရှီထင်ဖန်[၁၃/လရန(နိုင်)၀၀၅၈၇၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးမောင်မောင်မြင့်[၁၃/တကန(နိုင်)၀၄၆၅၉၃]သည် ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမောင်မောင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်နီနီအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၀၅)**
**အမှတ်(၇၀)၊ (၂)လမ်း၊ အေးသာယာရပ်ကွက်၊ ဝါယာလက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၀၀၈၄၅၈**

## ဒေါ်ချယ်ရီစိုး
### လက်ထောက်မန်နေဂျာ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (ငြိမ်း)
### အသက်(၅၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်အေးလမ်းသွယ်(၁)၊ တိုက်(၃၃၆)၊ အခန်း(၁၄)နေ [ဦးစိုးသိမ်း(ဗဟိုဘဏ်-ငြိမ်း)-ဒေါ်မေသန်း(ဗဟိုဘဏ်-ငြိမ်း)]တို့၏ ချစ်လှစွာသော သမီးငယ်၊ (ဦးဇင်မောင်-ဒေါ်ခင်အေးမြင့်)တို့၏ သမီးချွေးမ၊ ဒေါ်ခင်မေစိုး၊ ဒေါ်ကေသီစိုး(ဗဟိုဘဏ်-ငြိမ်း)၊ (ဦးစိုးမင်း)-ဒေါ်ဇင်မာဝင်းတို့၏ ညီမငယ်၊ မောင်မြင့်သိန်းကျော်၊ မခင်ချမ်းမြေ့သူတို့၏ အဒေါ်ဖြစ်သူ ဦးကျော်ခင်ဇော်(ဦးစီးအရာရှိ၊ ဗဟိုဘဏ်)၏ ချစ်လှစွာသော ဇနီးဖြစ်သူ ဒေါ်ချယ်ရီစိုး အသက် (၅၉) နှစ်(လက်ထောက်မန်နေဂျာ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်-ငြိမ်း)သည် ၁၀-၅-၂၀၂၅(စနေနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၂-၅-၂၀၂၅ ရက်(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၅-၂၀၂၅ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ်(၁၂၀၈)၊ အလျား(၄၀)ပေxအနံ(၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်သွင် [၁၂/လကန(နိုင်)၁၈၇၃၄၉]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးနိုင်လင်း[၁၃/ကမန(နိုင်)၀၀၁၂၀၅]က အပြီးအပိုင် ဝယ်ယူ၍ ပိုင်ဆိုင်မှု စာချုပ်စာတမ်းများနှင့်တကွ မြေကွက်အား လက်ရောက်ရရှိပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှသာလျှင် တရားဝင်ပိုင်ရှင်ဖြစ်ပါကြောင်းနှင့် မည်သူတစ်ဦး တစ်ယောက်ကမျှ နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း၊ အရေးဆိုခြင်းမပြုလုပ်ပါရန်နှင့် ပြုလုပ်ပါကတည်ဆဲ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထက်လင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၇၆)**
**တိုက်-၃၂၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၄၃၂၀၅၆၆**

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ ပုလဲသွယ်လမ်း၊ အမှတ်(၁၉၇)၊ ဦးဟန်ဝင်း အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မူရင်းပါ မြေအကျယ်ပေ(၄၁x၆၀)ရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိ ရေ/မီးပါသည့်နေအိမ် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးအောင်နိုင်ထွန်း [၉/တသန(နိုင်)၁၀၃၈၇၄] မှ အဆင့်ဆင့်သော အရပ်ကတိစာချုပ်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အဆင့်ဆင့်သောအရပ်ကတိ စာချုပ်တို့သည် စစ်မှန်သည်ကို တာဝန်ယူပါကြောင်း၊ မည်သည့်အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးဇော်မင်း [၁၀/ခဆန(နိုင်)၀၃၇၁၄၉] မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဇော်မင်း၏ညွှန်ကြားချက်အရ-**
**ဒေါ်ဝါဝါရွှေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၁၀)၊ (၁၇-၇-၂၀၁၈)**
**ရုံး-(ဃ/၁၆)၊ ဝေပုလ္လ(၂)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၇၈၁၂၀၈၁၅**

## ကန့်ကွက်နိုင်ပါသည်

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ)၊ ဝေပုလ္လ(၃)လမ်း၊ အမှတ်(၁၁၇)၊ ဦးမောင်မြိုင်၊ ဦးဟာမြစ်၊ ဒေါ်ပုလေးတို့၏ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်ပါ မြေအကျယ်ပေ(၄၀x၆၀)အနက်မှ ဦးမောင်မြိုင်၏ ပိုင်ဆိုင်သည့် အစုဖြစ်သော (ဂရန်မူရင်းခြမ်း) မြေအကျယ်ပေ(၂၀x၆၀)ရှိ မြေကွက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအောင်သူရ [၁၂/ဥကမ(နိုင်)၀၃၀၃၂၉] မှ အရပ်ကတိစာချုပ်အဆင့်ဆင့်တို့ဖြင့် ဝယ်ယူ ပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရပ်ကတိစာချုပ်အဆင့်ဆင့်တို့ စစ်မှန်သည်ကို တာဝန်ယူပါ ကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်အေးအေးခိုင် [၂/လကန(နိုင်) ၀၀၆၁၀၃] မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ(၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးခိုင်၏ညွှန်ကြားချက်အရ-**
**ဒေါ်ဝါဝါရွှေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၁၀)၊(၁၇-၇-၂၀၁၈)**
**ရုံး-(ဃ/၁၆)၊ ဝေပုလ္လ(၂)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၇၈၁၂၀၈၁၅**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ ကြီးပွားရေးအိမ်ရာ၊ တိုက်အမှတ်(၅)၊ အခန်း(၂၂) မူလအမည်ပေါက် ဦးဝဏ္ဏ [၁၂/ဗဟန(နိုင်)၀၉၅၈၁၄]+ဒေါ်ရည်မွန်သန့် [၁၂/စခန(နိုင်)၀၆၆၄၂၇] တို့ထံမှ ဒေါ်ညိုညိုဝင်း [၉/မသန(နိုင်)၀၇၆၇၂၈]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍(၁၅) ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ Yankin Palm Village အိမ်ရာ၊ တိုက်အမှတ်(၃၃)၊ အခန်း(၂၁) မူလအမည်ပေါက် ဗိုလ်မှူးကြီးကျော်စန်းလင်း [၁၃/တကန (နိုင်)၀၄၄၅၃၀] ထံမှ ဦးဉာဏ်လွင် [၁၂/ဒဂတ(နိုင်)၀၀၉၇၃၈]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍(၁၅) ရက်အတွင်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအုန်းဟန်
### အသက်(၉၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ လှိုင်မြစ်လမ်း၊ အမှတ်(၄၇)နေ အဖ(ဦးသန့်)-အမိ(ဒေါ်ခင်ညွန့်)တို့၏သား၊ (ဒေါ်မြမြချွေး)၏ ခင်ပွန်း ဦးအုန်းဟန်သည် ၉-၅-၂၀၂၅(သောကြာနေ့) ည ၁၁:၄၅ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပြီဖြစ်ပါသဖြင့် ၁၀-၅-၂၀၂၅ ရက်နေ့တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကိုဇာနည်လင်း
### အသက်(၃၈)နှစ်

ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ်(၄၁၁)၊ (၄) လွှာနေ ဦးခင်မောင်သန့်-ဒေါ်သီရိမေတို့၏ သားငယ်၊ ဦးဘုန်းမြင့်ဦး-ဒေါ်မိုးစန္ဒာလွင် တို့၏ ညီ၊ မမဥ္ဇူဘုန်းမြင့်၊ မဆုပြည့်ဘုန်းမြင့်တို့၏ ဦးလေး၊ ကိုဇာနည်လင်းသည် ၁၀-၅-၂၀၂၅(စနေနေ့) ည ၁၀:၃၀ နာရီတွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၅(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၆-၅-၂၀၂၅(သောကြာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ၃၈-ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်-၁၁၅၄ ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၃၈၊ မြေကွက်အမှတ်-၁၁၅၄၊ ဧရိယာ(၀.၀၅၅)ဧက၊ (၄၀.၃ပေx ၆၀ပေ) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်သွယ်သွယ်ခိုင်[၁၂/ဒဂမ(နိုင်)၀၀၀၃၈၅]နှင့် ဦးဇော်ထွန်းနိုင် [၁၂/မရက(နိုင်)၁၂၀၈၂၈]တို့ အမည်များဖြင့် မှတ်သားတည်ရှိပါသည်။ မြေအမည်ပေါက်သူများထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူများဖြစ်သော ဒေါ်မေဝင်းအောင် [၉/မရမ(နိုင်)၀၀၅၉၀၇]နှင့် ဦးစိုးဝင်းအောင်[၉/မရမ(နိုင်)၀၀၅၉၀၆]တို့က ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိတို့ဝယ်ယူပိုင်ဆိုင်ကြောင်း၊ အမွေဆိုင်အပေါင်အနှံ အရှုပ်အရှင်း ကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်လှဲ့လှဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၆၇ (မြေညီထပ်)၊ ၃၈-လမ်း (အလယ်)၊ ၆-ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၁၄၃၂၃၂ ၊ ၀၉-၇၉၉၅၉၅၅၀၅**

## “အများသိစေရန်ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၃၁၂) (အလျား၄၀ပေ x အနံ၆၀ပေ)အကျယ်ရှိ ဒေါ်သင်းသင်းနွယ် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်ကြီး အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်ကြီး၏မြေကွက်ကို မျက်နှာမူ၍ကြည့်သော် (ညာခြမ်း)(အလျား၂၀ပေxအနံ၆၀ပေ) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့မြို့နယ်၊ (၉)ရပ်ကွက်၊ မင်းတပ်လမ်း၊ အမှတ်(၃၁၂/က) (ခေါင်းရင်းခြမ်း)ဟုခေါ်တွင်သော မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် ရောင်းချသူ ဒေါ်သင်းသင်းနွယ် (KIRG- 033 524) [၁၂/အစန(နိုင်) ၀၁၂၃၁၅]မှ အမည်ပေါက် မြေငှားဂရန်မူရင်းဖြင့် ပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤနှစ်(၆၀)မြေငှားဂရန်မြေ အရောင်းအဝယ် အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၄)ရက် အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်မြင့်ထွန်း LL.B** | **ဒေါ်ငြိမ်းချမ်းထိုက် LL.B, DBL, MBL** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ် - ၁၅၃၈၂)** | **(စဉ် - ၁၅၄၀၄)** |

**အမှတ်(၁၅)၊ ဒုတိယထပ်၊ ဘုန်းကြီးလမ်း၊**
**ဈေးကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၀၀၆၅၁၆၄၊ ၀၉-၂၆၃၂၈၂၃၈၆**

### ဘုရား၊ ရဟန်း၊ စေတီ၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးခင်မောင်ကြူ (BSc. Eng)
**Chemical Engineer**
**Chicago; U.S.A**
**စလေ၊ ကျော်စွာ၊ သန်လျင် စက်ရုံမှူးကြီး(ငြိမ်း)**
**အကြံပေးပုဂ္ဂိုလ်(ငြိမ်း)MPE**
### အသက်(၉၀)နှစ်

မြောင်းမြမြို့နေ အရေးပိုင်မင်း (ဦးစံရှိန်-ဒေါ်ကြူကြူ)တို့၏သား၊ (ဦးဘမြ-ဒေါ်မေဘမြ) တို့၏ သားသမက်၊ ဒေါ်ခင်ခင်လေး၏ ချစ်လှစွာသော ခင်ပွန်း၊ (ဒေါ်သန်းသန်း)၊ (ဦးခင်မောင်စံ)၊ (ဦးကက်နက်ရှိန်)တို့၏ ညီ/မောင်၊ (ဒေါ်ခင်ငြိမ်းငြိမ်း)၊ (ဦးခင်မောင်ဝင်း)၊ (ဒေါ်ခင်ခင်ထူး)တို့၏ အစ်ကိုကြီး၊ (ဦးအောင်ခင်)-ဒေါ်ခင်ခင်ကြီး၊ ဦးမင်းသိန်း-(ဒေါ်ခင်မေညို)၊ ဦးမောင်မောင်-ဒေါ်သန်းသန်းဝင်းတို့၏ အစ်ကိုကြီး၊ Dr.မျိုးမင်း-ဒေါ်စန္ဒာမင်း၊ Dr.ဝင်းနိုင်-Dr.နှစ်နှစ်၊ ဦးဖြိုးမောင်မောင်(စင်ကာပူ)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ခုနစ်ယောက်၊ မြစ် နှစ်ယောက် တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီး ဦးခင်မောင်ကြူ အသက်(၉၀)နှစ်သည် ၁၁-၅-၂၀၂၅ ရက်နေ့ (ကဆုန်လပြည့်နေ့) နံနက် ၆:၄၂ နာရီတွင် အာယုအထူးကု ဆေးရုံကြီး၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၃-၅-၂၀၂၅(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟ အပေါင်းတို့အား ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။ [၁၇-၅-၂၀၂၅ (စနေနေ့)တွင် နံနက် ၇ နာရီမှ ၁၀နာရီထိ အမှတ်(၆၃/၂- က)၊ ပထမထပ်၊ ကျွန်းတောလမ်းနှင့် ပုသိမ်လမ်းထောင့် ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မေထွေးတင်
### အသက်(၇၅)နှစ်

(ဦးဗတင် - ဒေါ်မြမြ) တို့၏သမီး၊ ဦးရဲထွဋ်တင်၊ (ဒေါ်မေရီတင်)၊ (ဒေါ်မေစမ်းတင်) တို့၏ ညီမ၊ ဦးရဲအောင်တင်၊ ဦးရဲကိုတင် တို့၏အစ်မဖြစ်သူ ဒေါ်မေထွေးတင် အသက်(၇၅)နှစ် သည် ၁၁-၅-၂၀၂၅ရက်(တနင်္ဂနွေနေ့)နံနက် (၁၁:၃၀)နာရီတွင် နေအိမ်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၃-၅-၂၀၂၅ရက်(အင်္ဂါနေ့)နံနက် (၉:၀၀)နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၇-ရပ်ကွက်၊ ၄၂-လမ်း(အောက်ဘလောက်)၊တိုက်အမှတ်-၃၄၊ မြေညီထပ်၊ အခန်း-၁၊ (ခြေရင်းခန်း/ဝဲ)၊ အကျယ်အဝန်း(၁၂ ပေခွဲ x ၄၀ ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမင်းနောင် [၁၂/မဂတ(နိုင်)၀၁၅၈၄၁] မှ အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထား ပိုင်ဆိုင်ကြောင်းနှင့် ပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့် ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းဝင်းမော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၆၉၅/၂၀၁၆)**
**ရုံးခန်း-(၇၃၇/၇၄၁)၊ ၀၀၅၊ မာလာနွယ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၄၉၃၃၆၀၊ ၀၉-၅၁၅၇၇၅၁**

## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၂)ရပ်ကွက်၊ ပုဂံလမ်းမ၊ အမှတ်(၈၁၂)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၈၁၂)၊ ဦးအုန်းသောင် (ဘ) ဦးဘိုးမြိုင် [၁၂/မဂဒ(နိုင်)၀၅၀၁၆၅] အမည်ပေါက် (၄၀ပေ x ၆၀ပေ)ရှိ ပါမစ်မြေကွက် အနက်မှ တရားဝင်ခွဲစိတ်ခြင်း မပြုရသေးသော မြေကွက်အမှတ်(၈၁၁)နှင့် ကပ်လျက်အခြမ်း (၂၀ပေx၆၀ပေ) အကျယ်အဝန်းရှိ ကိုယ်ပိုင်မီတာအပါအဝင် မြေကွက်အရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ မြေကွက်ကို တရားဝင်လက်ရှိ ပိုင်ဆိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူများဖြစ်သော ဦးရဲမြင့် [၁၂/ရကန(နိုင်)၀၆၃၈၁၇] + ဒေါ်စန္ဒာထွန်း [၁၂/မဘန(နိုင်)၁၃၇၂၂၅]တို့ထံမှ ဒေါ်ခင်မိုးဆန်း[၅/ခဥန(နိုင်)၀၇၉၀၄၄]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေ ပြီးဖြစ်ရာ ကန့်ကွက်လိုသူများ ရှိပါက ပိုင်ဆိုင်မှု အထောက်အထား မူရင်းများပြည့်စုံ ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်ခင်မိုးဆန်း ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်မာလာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(စော်ဘွားကြီးကုန်း)၊ ဦးပိုင်အမှတ်(၁၀၅-က)၊ မြေကွက်အမှတ်-၃၉၅၊ ဧရိယာ(၃၃ပေx ၅၇ပေ) အကျယ်ရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အင်းစိန်မြို့နယ်၊ ချမ်းမြေ့ သီတာလမ်း၊ အိမ်အမှတ်-၁၀ဟု ခေါ်တွင်သည့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်များအရ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သိန်းသိန်းတိုး [၅/မရန(နိုင်)၀၁၀၈၈၇]ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြူဖြူလွင်[၁၂/တမန(နိုင်)၀၇၆၉၀၃]က စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ပြုသော မြေ၊အိမ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သန္တာ (LL.B)** | **ဦးခွန်သူရိန်အောင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၁၉/၂၀၂၁)** | **အထက်တန်းရှေ့နေ (စဉ်-၅၅၆၃၄/၂၀၂၃)** |

**အမှတ်-၁၀/၁၂၊ ဘီ-၂၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၈၀၄၂၆၃၅**




**သင့်**
**သွေးဖြင့်**
**အသက်ကယ်ပါ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူငယ်အားလုံးအနေဖြင့် "အတ္တနှင့် ပရ" မျှတအောင် ပြုမူကျင့်ကြံ နေထိုင်ကြရန် လိုအပ်...**

❖ **မိမိကိုယ်ကို ကောင်းအောင်ကြိုးစားပြီး ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြုလုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်လိုသည့် စိတ်ကောင်းစေတနာ ရှိရန် လိုအပ်...**

(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ၁၃၈၇ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့ ဓမ္မသဘင် မင်္ဂလာအခမ်းအနား ဆင်ယင်ကျင်းပ




နေပြည်တော် မေ ၁၁

၁၃၈၇ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့ ဓမ္မသဘင်မင်္ဂလာအခမ်းအနားကို ယနေ့ညပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်၌ ဆင်ယင်ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ကြွရောက်ချီးမြှင့်တော်မူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်နှင့်အတူ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့များနှင့် တရားနာဧည့်ပရိသတ်များ နာယူကြည်ညိုကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❋

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဓမ္မပူဇာအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ကပ္ပိယကာရကအဖြစ် လက်ခံရယူစဉ်။

## ယနေ့ ဖတ်စရာ


**ယူကရိန်းနိုင်ငံနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ဆန္ဒရှိကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင် ပြောကြား** စာမျက်နှာ » ၁၃

**အာတိတ်ကို ပိုအေးအောင်လုပ်ပြီး ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ထိန်းသိမ်းရန်ကြိုးစားမည်** စာမျက်နှာ » ၂၀

**ဇလုတ်ကြီးကျေးရွာ နယ်မြေခံတပ်ရင်းသို့ လာရောက်တိုက်ခိုက်သည့် KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်ချေမှုန်း** စာမျက်နှာ » ၂၅

**ပညာရေးဝန်ကြီးဌာန ရန်ကုန်အဝေးသင်တက္ကသိုလ် သတ္တဗေဒဌာနမှ ကထိက ဒေါ်ဝင်းဝင်းအောင် ပျောက်ဆုံးမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း** စာမျက်နှာ » ၂၆


## ချယ်လ်ဆီးအသင်းကို နှစ်ဂိုးပြတ်ဖြင့်အနိုင်ရပြီး နယူးကာဆယ်အသင်း ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့်(၃)နေရာ တက်လှမ်း

နယူးကာဆယ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ မေ ၁၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၃၆)မှာ နယူးကာဆယ်အသင်းက ချယ်လ်ဆီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ပရီမီယာလိဂ် အမှတ်ပေးဇယား အဆင့်(၃)နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ နယူးကာဆယ်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် နှစ်မိနစ်မှာ တိုနာလီက တစ်ဂိုး၊ မိနစ် ၉၀ မှာ ဂွီမာရေးက တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ ချေပဂိုးရရှိရေး ကြိုးပမ်းရင်း

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ★



နယူးကာဆယ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။